# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဩဂုတ်လ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၇၄)၊ ၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်၊ ၁၁–၂–၂၀၂၅၊ အင်္ဂါနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့် ဖွင့်လှစ်

## ပြခန်းစုစုပေါင်း ၉၆ ခန်းဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ရောင်းချပေးလျက်ရှိပြီး ထုတ်ကုန်ပြိုင်ပွဲများတွင် ယှဉ်ပြိုင်သည့် အမျိုးအစားများအလိုက် ဆုအမျိုးအစားပေါင်း ၃၁ မျိုးအပေါ် Digital Trophy၊ ဂုဏ်ပြုလက်မှတ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်မည်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် တပေါင်းကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့် ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်

စာမျက်နှာ ၃ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပြခန်းတွင် ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုအားပေးစဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

**မြန်မာ့ပင်လယ်ပြင်မှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

မိုး/ဧလ

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၁ ရက်၊ အင်္ဂါနေ့။

မန္တလေး နေ့စဉ်

## ကျေးလက်နေပြည်သူများ ဝင်ငွေတိုးပွားစေရေးဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းကျော်မှာ ကျေးလက်ဒေသများတွင် နေထိုင်ကြသည်။ နိုင်ငံတော်က ကျေးလက်ဒေသများကို ဖွံ့ဖြိုးတိုးတက်အောင်ဘက်စုံထောင့်စုံမှ ဆောင်ရွက်လျက်ရှိသည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ၏ မိသားစုဝင်ငွေတိုးပွားရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသည် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုများ ဝင်ငွေတိုးရေးစီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိသည်။ ကျေးလက်ပြည်သူများ ဝင်ငွေတိုးပွားစေရေးအတွက် ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်လာနိုင်စေရန် အသက်မွေးဝမ်းကျောင်းပညာရပ်သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ သင်တန်းများပေးသည့်အပြင် လုပ်ငန်းသုံးပစ္စည်းများကိုလည်း ထောက်ပံ့ပေးလျက်ရှိသည်။

ဝင်ငွေတိုးစီမံကိန်းအရ ကျေးရွာများကို ရွေးချယ်ရာတွင် ဒေသထွက်ကုန်ကြမ်းများကို အခြေခံ၍ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရန် အလားအလာရှိခြင်း၊ ထုတ်ကုန်များကို ဈေးကွက်သို့ပို့ဆောင်ရန် လမ်းပန်းဆက်သွယ်ရေးလုံခြုံချောမွေ့ပြီး ဒေသဖွံ့ဖြိုးရေးအတွက် အချက်အချာကျခြင်း၊ ကျေးရွာသူ၊ ကျေးရွာသားများသည် အသေးစားကုန်ထုတ်လုပ်ငန်းများအပေါ် စိတ်ဝင်စားမှုရှိပြီး လုပ်ငန်းထူထောင်ရန် စိတ်အားထက်သန်ခြင်း၊ ဒေသထွက်ကုန်ကြမ်းပစ္စည်းများ ပေါများစွာထွက်ရှိခြင်း၊ လူငယ်လူရွယ်များ အလုပ်အကိုင်အခွင့်အလမ်းရှားခြင်း စသည့်အချက်များအပေါ်အခြေခံ၍ ရွေးချယ်ခြင်းဖြစ်သည်ဟု သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ သိရသည်။

ထို့ကြောင့် ကျေးလက်နေပြည်သူများအတွက် နည်းပညာသင်တန်းများပေးခြင်း၊ ငွေကြေးအရင်းအနှီးနှင့် လုပ်ငန်းသုံးပစ္စည်းများထောက်ပံ့ပေးပြီး အိုးမကွာ၊ အိမ်မကွာလုပ်ငန်းများ ထူထောင်စေခြင်းက သားစဉ်မြေးဆက်အထိ ရေရှည်အကျိုးဖြစ်ထွန်းစေနိုင်သည်။ နည်းပညာဆိုင်ရာသင်တန်းများကို သင်ကြားပေးလျက်ရှိရာတွင် တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း၊ လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း၊ လက်မှုထည်ထုတ်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း၊ သံဂဟေဆက်နည်းပညာသင်တန်း၊ တစ်လုံးထိုးဒီဇယ်အင်ဂျင်ပြုပြင်မှုနည်းပညာသင်တန်း၊ မော်တော်ဆိုင်ကယ်ပြုပြင်ခြင်းနည်းပညာသင်တန်း၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများပြုပြင်ခြင်းနည်းပညာသင်တန်း၊ လက်ရက်ကန်း၊ စက်ရက်ကန်းနှင့် ရိုးရာဂျပ်ခုတ်ဆိုင်ရာနည်းပညာသင်တန်း၊ စက်ချုပ်နည်းပညာသင်တန်း စသည်တို့အပါအဝင် နည်းပညာသင်တန်းများကို လုပ်ငန်းထူထောင်နိုင်သည်အထိ ကျွမ်းကျင်တတ်မြောက်စေရန် သင်ကြားပေးခြင်းဖြစ်ပြီး သင်တန်းတွင် ထူးချွန်သူ၊ လုပ်ငန်းထူထောင်ရန်ဆန္ဒရှိသူ၊ အမြော်အမြင်ဗဟုသုတရှိသူတို့မှာ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ ကူညီပံ့ပိုးပေးမှုဖြင့် လုပ်ငန်းများထူထောင်လျက်ရှိသည်။

ကျေးလက်ဒေသများဖွံ့ဖြိုးရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးပွားစေရေးအတွက် နိုင်ငံတော်က စီမံကိန်းများချ၍ ဖော်ဆောင်ပေးလျက်ရှိရာတွင် ကျေးလက်နေပြည်သူများ၏ စိတ်အားထက်သန်စွာ ပါဝင်ဆောင်ရွက်မှုသည်လည်း လိုအပ်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့က နမ်းမနဲ့ထိုးပြိုင်ပွဲနှင့် ဆုပေးပွဲ ကျင်းပပြုလုပ်



**မန္တလေး ဖေဖော်ဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၏ ပညာရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့၊ ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခွဲက ကြီးမှူးကျင်းပသော မြန်မာ့ရိုးရာ နမ်းမနဲ့ထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၆ နာရီခွဲက မဟာအောင်မြေမြို့နယ်၊ သိပ္ပံလမ်းပေါ်ရှိ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ရုံးတွင် ကျင်းပပြုလုပ်သည်။

အဆိုပါနမ်းမနဲ့ထိုးပြိုင်ပွဲတွင် မန္တလေးမြို့ပေါ်ရှိ အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တို့မှ အမျိုးသမီးရေးရာအဖွဲ့ဝင်များက ပါဝင်ယှဉ်ပြိုင်ကြရာ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ နာယကအဖွဲ့ဝင်များဖြစ်ကြသည့် တိုင်းဒေသကြီးဝန်ကြီးများ၏ ဇနီးများ၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မီမီစိုး၊ အတွင်းရေးမှူး ဒေါ်သန္တာဘုန်းဝင်းနှင့် အလုပ်အမှုဆောင်များ၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများက လှည့်လည်ကြည့်ရှု အားပေးကြသည်။ ထို့နောက် ပြိုင်ပွဲဝင်များ၏နမ်းမနဲ့များကို ဒိုင်အဖွဲ့က အကဲဖြတ်ကြပြီး ဆုပေးပွဲအခမ်းအနားကို တိုင်းရုံးအစည်းအဝေးခန်းမတွင် ဆက်လက်ကျင်းပသည်။

ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး အတွင်းရေးမှူးက ပြိုင်ပွဲပြုလုပ်ရခြင်းရည်ရွယ်ချက်နှင့် အမှတ်ပေးအကဲဖြတ်မှုများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပထမဆုရ ပုသိမ်ကြီးမြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ ဒုတိယဆုရ ချမ်းမြသာစည်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ တတိယဆုရ အောင်မြေသာစံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် နှစ်သိမ့်ဆုရရှိကြသည့် အဖွဲ့များကို နာယကအဖွဲ့ဝင်များ၊ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ဆုများ အသီးသီးချီးမြှင့်ပေးကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(ဝ၉၃)**

## ပြည်ကြီးတံခွန်မြို့နယ်၌ မြေပြင်လူဦးရေနှင့် တိုက်ဆိုင်စစ်ဆေးမှု လုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

**မန္တလေး ဖေဖော်ဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ် မြေပြင်လူဦးရေစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီမှ မြို့နယ်အတွင်းရှိ လူဦးရေစာရင်းမှန်ကန်ရေး၊ မြေပြင်ကွင်းဆင်းစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးမှုလုပ်ငန်းများအား တစ်မြို့နယ်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက် ၁၀ နာရီက (ခ)ရပ်ကွက် အကွက်အမှတ် သ-၁၂၊ ၆၃လမ်း၊ ၁၁၅လမ်းနှင့် ၁၁၆လမ်းကြားရှိ နေအိမ်များသို့ မြို့နယ်ဌာနဆိုင်ရာများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ကြီးတံခွန်မြို့နယ်ရုံးမှ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်အဖွဲ့ဝင်များ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါမြေပြင်လူဦးရေစာရင်းကွင်းဆင်းဆောင်ရွက်သည့်နေရာသို့ တိုင်းဒေသကြီး(Working Group) မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီ တွဲဖက်အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးလွင်၊ မဟာအောင်မြေခရိုင်ဦးစီးမှူး ဦးဇင်ထက်နှင့် တာဝန်ရှိသူများက အိမ်ထောင်စုအမှတ်စဉ်နှင့် မိသားစုအမှတ်စဉ်များကို နေရပ်လိပ်စာအတိုင်း နေထိုင်ခြင်းရှိ၊ မရှိစာရင်းပြုစုခြင်း၊ သေဆုံးခြင်းစာရင်းများ အတည်ပြုခြင်း၊ စာရင်းရှိသော်လည်း မြေပြင်တွင် နေထိုင်မှု မရှိသူများနှင့် စာရင်းမရှိနေထိုင်သူများ စာရင်းပြုခြင်း ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည့် လုပ်ငန်းများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်ချက်များကို ဖြည့်စွက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**စိုးသီဟ(အမရ)**



## အမရပူရမြို့နယ်အတွင်း ခွေးနာလျှာနာကာကွယ်ဆေးများ အခမဲ့ လိုက်လံထိုးနှံ

**မန္တလေး ဖေဖော်ဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်အတွင်း ဖေဖော်ဝါရီ ၉ ရက်၊ နံနက်ပိုင်းမှစတင်ပြီး အမရပူရမြို့နယ်အတွင်းရှိ နွားများကိုခွာနာလျှာနာကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ခွာနာလျှာနာကာကွယ်ဆေးနှင့်ပတ်သက်ပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ရေးဆွဲထားသည့် ခွာနာလျှာနာရောဂါထိန်းချုပ်ဖနှိမ်ရေးအား အမျိုးသားအဆင့် စီမံချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ်တွင် ခွာနာလျှာနာရောဂါထိန်းချုပ်ဖနှိမ်အကောင်အထည်ဖော်ရန် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်(၁၀)မြို့နယ်တွင် ခွာနာလျှာနာရောဂါထိန်းချုပ်အကောင်အထည်ဖော်ဆောင်ခြင်းအတွက် ခွာနာလျှာနာရောဂါကာကွယ်ဆေးထိုးလုပ်ငန်းဆောင်ရွက်ခြင်းမပြုမီ (Day 0 )တွင် ရောဂါခုခံကာကွယ်နိုင်သည့် ပဋိပစ္စည်းရရှိမှုအား ယခုကဲ့သို့ အမရပူရမြို့နယ်အတွင်း ကွင်းဆင်းတိုင်းတာစောင့်ကြည့်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း အမရပူရခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။ အမရပူရမြို့နယ်အတွင်း နွားပိုင်ရှင် ၂၁ ဦး၏ နွားကောင်ရေ ၆၁၈ ကောင်ကို ခွာနာလျှာနာကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးနိုင်ခဲ့ကြောင်း သိရသည်။

**စိုးသီဟ(အမရ)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

❂ ရှေ့ဖုံးမှ

ပြည်နယ်များမှ MSME အေဂျင်စီ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့်ပြခန်းတာဝန်ခံများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းရင်းသားယဉ်ကျေးမှု အကအဖွဲ့များနှင့် ဒေသခံပြည်သူများ စည်ကားသိုက်မြိုက်စွာ တက်ရောက်ကြသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ဦးစွာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ ဒေါက်တာ မျိုးသိန်းကျော်တို့နှင့် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့က ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကချင်ပြည်နယ် MSME ထုတ်ကုန်ပြခန်းတွင် ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုအားပေးစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ဂုဏ်ပြုတေး သီချင်းဖြင့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကအဖွဲ့များက ကပြဖျော်ဖြေတင်ဆက်ကြရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက ကြည့်ရှုအားပေး နှုတ်ဆက်ကြသည်။

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ စက်မှုဝန်ကြီးဌာနပြခန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပြခန်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနပြခန်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနပြခန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနပြခန်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနပြခန်း၊ ကျန်းမာရေးဝန်ကြီးဌာနပြခန်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် MSME ထုတ်ကုန်ပြခန်း၊ ကချင်ပြည်နယ် MSME ထုတ်ကုန်ပြခန်း၊ ကယားပြည်နယ် MSME ထုတ်ကုန်ပြခန်း၊ ကရင်ပြည်နယ် MSME ထုတ်ကုန်ပြခန်း၊ ချင်းပြည်နယ် MSME ထုတ်ကုန်ပြခန်း၊ စစ်ကိုင်းတိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်း၊ တနင်္သာရီတိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်း၊

စာမျက်နှာ ၄ သို့ »»

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ ဒေါက်တာ မျိုးသိန်းကျော်နှင့် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲဖွင့်ပွဲအခမ်းအနား ဂုဏ်ပြုတေးသီချင်းဖြင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအဖွဲ့များ၏ ကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

»»» စာမျက်နှာ ၃ မှ

ပဲခူးတိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်း၊ မကွေးတိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်း၊ မွန်ပြည်နယ် MSME ထုတ်ကုန်ပြခန်း၊ ရခိုင်ပြည်နယ် MSME ထုတ်ကုန်ပြခန်း၊ ရန်ကုန်တိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်း၊ ရှမ်းပြည်နယ် MSME ထုတ်ကုန်ပြခန်း၊ ဧရာဝတီတိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်းတို့အား ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှုပြီး ထုတ်ကုန်များအလိုက် လုပ်ငန်းဆောင်ရွက်မှုများ၊ ကုန်ကြမ်းရရှိမှုနှင့် သုံးစွဲမှု၊ ထုတ်ကုန်များထုတ်လုပ်မှု၊ ပြည်တွင်း၊ ပြည်ပဈေးကွက်ရရှိမှု အခြေအနေများ၊ လုပ်ငန်း လိုအပ်ချက်များနှင့် ပြည်တွင်း၊ ပြည်ပသို့ ပိုမိုတိုးချဲ့ဖြန့်ဖြူးနိုင်မည့် အခြေအနေများနှင့် သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကာ ကြည့်ရှုမှုများကို ခေတ္တရပ်နားသည်။

### ကြည့်ရှုအားပေး

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မန္တလေးတိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ထုတ်ကုန်ပြခန်း၊ လုပ်ငန်း/စီးပွား ချိတ်ဆက်မှုပြခန်း (Business Matching Hall)၊ မြန်မာနိုင်ငံဘဏ်များအသင်းပြခန်း၊ Digital Corner နည်းပညာပြခန်း၊ မြန်မာစီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် MSME ထုတ်ကုန်များပြခန်း၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း MSME ထုတ်ကုန်များပြခန်း၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ပြခန်း၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း ပြခန်း၊

စာမျက်နှာ ၅ သို့ »»»





### ကြည့်ရှုအားပေး

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ချင်းပြည်နယ် MSME ထုတ်ကုန်ပြခန်းတွင် ချင်းတိုင်းရင်းသားရိုးရာ ချည်ထည်ရက်လုပ်နေမှုကို ကြည့်ရှုအားပေးစဉ်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း ပြခန်းတွင် ခင်းကျင်းပြသထားသည့် တိုင်းရင်းဆေးဝါး ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုအားပေးစဉ်။

»»» စာမျက်နှာ ၄ မှ

မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များ အသင်းထုတ်ကုန်ပြပွဲနှင့် အရောင်းပြခန်းတို့အား ပြခန်းတစ်ခုချင်းစီ အလိုက် စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှု အားပေးပြီး ထုတ်ကုန်များအလိုက် လုပ်ငန်းဆောင်ရွက်မှုများ၊ ကုန်ကြမ်းရရှိမှုနှင့် သုံးစွဲမှု၊ ထုတ်ကုန်များထုတ်လုပ်မှု၊ ပြည်တွင်း ပြည်ပ ဈေးကွက်ရရှိမှု အခြေအနေများ၊ လုပ်ငန်း လိုအပ်ချက်များနှင့် ပြည်တွင်း ပြည်ပသို့ ပိုမိုတိုးချဲ့ဖြန့်ဖြူးနိုင်မည့် အခြေအနေများနှင့် သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် အသေးစား စက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမအသင်းများ၏ ပြခန်းများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များ၏ MSME ကုန်ထုတ်လုပ်မှုလုပ်ငန်း ပြခန်းများ ခင်းကျင်းပြသထားမှုများကို ဘာဂီယာဉ်ငယ်များဖြင့် လိုက်လံကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်တောင်ဘက် တပေါင်းကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ MSME များ ပူးပေါင်းဆောင်ရွက်မှု တိုးပွားလာစေပြီး ကုန်ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ဒေသတစ်ခု၏ လိုအပ်ချက်ကို အခြားဒေသမှ ဖြည့်ဆည်းလာရန်နှင့် အားသာချက်၊ အားနည်းချက်များကိုသိမြင်ဖော်ထုတ်လာစေရန်၊ ထုတ်ကုန်ပစ္စည်းများသည် "ဈေးနှုန်းတူပါက ပစ္စည်းကောင်းရန်၊ ပစ္စည်းခြင်းတူပါက အရည်အသွေး ပိုကောင်းရန်" ထုတ်လုပ်သည့် လုပ်ငန်းရှင်များအနေဖြင့် လိုအပ်ချက်များကို သိမြင်ဆောင်ရွက်လာစေရန်၊ ဒေသတစ်ခုထုတ်ကုန်တစ်ခု အစီအမံများ အောင်မြင်ရေးအတွက် အားပေးမြှင့်တင်ရန်၊ MSME များ၏ ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ် မြှင့်တင်နိုင်စေရန်နှင့် တန်ဖိုးမြှင့်ထုတ်ကုန်အသစ်များကို ပြည်ပသွင်းကုန်အစားထိုးအဖြစ် ပြည်တွင်းမှ ပိုမိုသုံးစွဲနိုင်ရန်နှင့် ပြည်ပသို့ ဈေးကွက်ချဲ့ထွင်နိုင်ရန်၊ MSME များနှင့် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများ ပိုမိုချိတ်ဆက်ပူးပေါင်း ဆောင်ရွက်လာစေရန်၊ ပြည်ထောင်စုအဆင့် အသိအမှတ်ပြု MSME စံပြ ထုတ်ကုန်ဆုများ ပေးအပ်နိုင်စေရန်နှင့် MSME လုပ်ငန်းများရေရှည်ရပ်တည်နိုင်ရေး ကူညီပံ့ပိုးဆောင်ရွက်ပေးရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ ဝန်ကြီးဌာနပြခန်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်ပြခန်းများ၊ တိုင်းရင်းသား ရိုးရာအစားအစာ ရောင်းချဆိုင်ခန်းများ၊ လုပ်ငန်းစီးပွား ချိတ်ဆက်မှုများ၊ နည်းပညာပြခန်းများ၊ ပြည်ပစက်ပစ္စည်းနှင့် ထုတ်ကုန်ပြခန်းများ၊ အသေးစား စက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများအပါအဝင် ပြခန်းစုစုပေါင်း ၉၆ ခန်းဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ရောင်းချပေးလျက်ရှိပြီး ထုတ်ကုန်ပြိုင်ပွဲများတွင် ယှဉ်ပြိုင်သည့် အမျိုးအစားများအလိုက် ဆုအမျိုးအစားပေါင်း ၃၁ မျိုးအပေါ် Digital Trophy၊ ဂုဏ်ပြုလက်မှတ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပြီး အဆိုပါငွေသားဆုအားချီးမြှင့်ခံရသူက Digital Payment System အသုံးပြု၍ လက်ငင်း E-Banking ဖြင့် ငွေသားထုတ်ယူရရှိရေး စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မကွေးတိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်းတွင် ခင်းကျင်းပြသထားသည့် ဒေသထွက်ကုန်ပစ္စည်းများကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တနင်္သာရီတိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်းတွင် ခင်းကျင်းပြသထားသည့် ဒေသထွက်ကုန်ပစ္စည်းများကို ကြည့်ရှုအားပေးစဉ်။

## ကြည့်ရှုအားပေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်ကိုင်းတိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်းတွင် ခင်းကျင်းပြသထားသည့် ဒေသထွက်ကုန်ပစ္စည်းများကို ကြည့်ရှုအားပေးစဉ်။

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ ပြခန်းများ ဓာတ်ပုံမြင်ကွင်း





ကချင်ပြည်နယ် MSME ထုတ်ကုန်ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် လက်ဝတ်ရတနာများနှင့် အဝတ်အထည်များကိုတွေ့ရစဉ်။



ကရင်ပြည်နယ် MSME ထုတ်ကုန်ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် အဝတ်အထည်များနှင့် အလှကုန်ပစ္စည်းများကိုတွေ့ရစဉ်။




ကယားပြည်နယ် MSME ထုတ်ကုန်ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် သစ်သားအချောထည်ထုတ်ကုန်များကို တွေ့ရစဉ်။






စစ်ကိုင်းတိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်းအတွင်း ခင်းကျင်းပြသထားသော ပြိုင်ပွဲဝင် ထုတ်ကုန်ပစ္စည်းများဖြစ်သည့် လူသုံးကုန်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများ၊ မြန်မာ့ဆိုင်းဝိုင်း(ငွေ)၊ နွားလှည်းယာဉ်(ငွေ)၊ ကော်ဖီဆက်(ငွေ)များကို တွေ့ရစဉ်။



ချင်းပြည်နယ် MSME ထုတ်ကုန်ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် ဝဥနှင့် ဝဥထုတ်ကုန်ပစ္စည်းများကို တွေ့ရစဉ်။



မန္တလေးတိုင်းဒေသကြီးMSME ထုတ်ကုန်ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် ပြိုင်ပွဲဝင်ထုတ်ကုန်ပစ္စည်းများဖြစ်သော ယွန်းလက်မှုပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများကို တွေ့ရစဉ်။

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲသို့ ပြည်သူများ စိတ်ပါဝင်စားစွာ တစ်ခဲနက်ပါဝင်ဆင်နွှဲ

နေပြည်တော် ဖေဖော်ဝါရီ ၁၀

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ကျင်းပရာ ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ပြည်သူများ စိတ်ပါဝင်စားစွာဖြင့် တစ်ခဲနက်လာရောက်လေ့လာကြည့်ရှုဝယ်ယူကြသဖြင့် အထူးစည်ကားလျက်ရှိသည်။

ပွဲတော်သို့ လာရောက်ကြသည့် ပြည်သူများကို သက်ဆိုင်ရာ တိုင်းရင်းသားရိုးရာ ပြခန်းများအလိုက် ခင်းကျင်းပြသရောင်းချပေးနေကြသည့် တိုင်းရင်းသားအဖွဲ့များက ရင်းနှီးနွေးထွေးစွာ ကြိုဆိုကြပြီး ရိုးရာယဉ်ကျေးမှုဆိုင်ရာဗဟုသုတများ၊ ဒေသန္တရဗဟုသုတများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက်အထင်ကရနေရာများ၊ ဒေသတွင်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များနှင့် ဒေသအလိုက် ရိုးရာအစားအစာများ၊ MSME ထုတ်ကုန်များအကြောင်းကို နွေးထွေးပျူငှာစွာ ရှင်းလင်းပြသပေးကြရာ ကျောင်းသားလူငယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ပြည်သူများ စိတ်အားထက်သန်စွာ လေ့လာကြည့်ရှုကြပြီး တိုင်းရင်းသားအဖွဲ့များဖြင့် ဂုဏ်ယူစွာ အမှတ်တရဓာတ်ပုံရိုက်ကြသူများဖြင့်လည်း စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

ထို့ပြင် နေပြည်တော်ကောင်စီအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ MSME ထုတ်ကုန်များနှင့် ရိုးရာအစားအစာပြခန်းအသီးသီး၌လည်း ဒေသအလိုက်ထွက်ရှိသည့် ရိုးရာအစားအစာများ၊ ဒေသထွက် MSME ကုန်ထုတ်လုပ်ငန်းများ၊ One Region One Product ထုတ်ကုန်များအပါအဝင် ပြည်ပသို့တင်ပို့ရောင်းချနေသည့် MSME ထုတ်ကုန်များအကြောင်းကို ပွဲတော်လာပြည်သူများ ဗဟုသုတအဖြစ် သိရှိစေနိုင်ရေးအတွက် အသေးစိတ် ခင်းကျင်းပြသထားသည်ကိုလည်း တွေ့မြင်ရသည်။

အဆိုပါ ပြခန်းများ၌လည်း မိမိတို့ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ရိုးရာယဉ်ကျေးမှုအကအလှများ၊ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များကို ပေါ်လွင်စေသည့် တေးသီချင်းများနှင့် မျိုးချစ်စိတ်နှင့် ဇာတိမာန်ကို တက်ကြွစေမည့်သီချင်းများ ဖွင့်လှစ်ဖျော်ဖြေတင်ဆက်ပေးကြရာ ပွဲတော်လာပြည်သူများအနေဖြင့် တောင်ပေါ်မြေပြန့်မခွဲခြားဘဲ စည်းလုံးညီညွတ်သည့် သွေးချင်းညီအစ်ကိုစိတ်ဓာတ်များ ခံစားရရှိစေခဲ့ပြီး ပြည်ထောင်စု၏ အနှစ်သာရကိုလည်း ပိုမိုပေါ်လွင်စေခဲ့သည်။



တနင်္သာရီတိုင်းဒေသကြီးပြခန်းအတွင်း ခင်းကျင်းပြသထားသည်များကို တွေ့ရစဉ်။



(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲသို့ လာရောက်လေ့လာကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

အလားတူ နေပြည်တော်ကောင်စီအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ထွက်ရှိသည့် MSME ထုတ်ကုန်များနှင့် ရိုးရာအစားအစာများ၊ တိုင်းရင်းသားရိုးရာ အမှတ်တရပစ္စည်းများ၊ ရိုးရာဝတ်စုံများကို ပြည်သူများ စိတ်ကြိုက်ဝယ်ယူနိုင်ရန်အတွက် ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိပြီး ချစ်ခင်နှစ်သက်မြတ်နိုးစွာဖြင့် ဝယ်ယူကြသူများဖြင့်လည်း စည်ကားလျက်ရှိကာ နည်းပညာပြခန်းများ၊ စက်ပစ္စည်းများနှင့် ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများနှင့် ကုန်ထုတ်သမဝါယမ ပြခန်းများ၌လည်း စိတ်ဝင်တစားကြည့်ရှုလေ့လာကြရာ ဒေသအလိုက် ဆောင်ရွက်နေသည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အားပေးမြှင့်တင်ပေးရာရောက်သည့် မြင်ကွင်းတစ်ခုလည်းဖြစ်သည်။

ထို့အတူ ပြပွဲသို့ လာရောက်လေ့လာကြသည့် စက်မှု၊ လက်မှုလုပ်ငန်းရှင်များနှင့် စိတ်ဝင်စားကြသည့် ပြည်သူများအတွက်လည်း နောက်ဆုံးပေါ် တီထွင်ဆန်းသစ်မှုနည်းပညာများနှင့် အရည်အသွေးမြင့် စက်ယန္တရားများ၏ ထူးခြားသာလွန်သော စွမ်းဆောင်ရည်များ၊ နိုင်ငံတကာအဆင့်မီ စက်ယန္တရားများ ဝယ်ယူမှု၊ တပ်ဆင်မှုအကြောင်းအရာများနှင့် ဈေးကွက်စီးပွားရေး လိုအပ်ချက်များကို အနာဂတ်နည်းပညာများ အသုံးပြု၍ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် ဗဟုသုတအကြောင်းအရာများကိုလည်း ပြခန်းများအလိုက် ကျွမ်းကျင်ဝန်ထမ်းများက ခင်းကျင်းပြသထားသည့် စက်ယန္တရားများဖြင့် လက်တွေ့သရုပ်ပြ ရှင်းလင်းဆွေးနွေးပေးကြရာ မြန်မာနိုင်ငံ၏ အနာဂတ်စက်မှုနည်းပညာ ကဏ္ဍကို တစ်ခေတ်ဆန်းသစ်ပေးတော့မည့် မြင်ကွင်းတစ်ခုလည်းဖြစ်သည်။

ညပိုင်းတွင် ဖျော်ဖြေရေးအစီအစဉ်များအဖြစ် တိုင်းကျိုးပြည်ပြုတေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းများ၊ မျိုးချစ်စိတ်နှင့် ဇာတိမာန်တက်ကြွစေမည့် တေးသီချင်းများဖြင့်လည်းကောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှတိုင်းရင်းသားရိုးရာ ယိမ်းအဖွဲ့များက ရိုးရာတေးသီချင်းများကို အကအလှများပေါင်းစပ်၍လည်းကောင်း မြူးကြွပျော်ရွှင်စွာဖြင့် ဖျော်ဖြေကြရာ ပြည်သူများ ပျော်ရွှင်စွာဖြင့် တစ်ခဲနက် ပါဝင်ဆင်နွှဲကြသည်။

ထို့ပြင် ပြပွဲကြီးသို့ လာရောက်လေ့လာကြည့်ရှုဝယ်ယူကြသည့် အများပြည်သူများ အန္တရာယ်တစ်စုံတစ်ရာ မဖြစ်ပေါ်စေရန်အတွက် တာဝန်ရှိသူများက စနစ်တကျလုံခြုံရေး စစ်ဆေးဆောင်ရွက်ပေးခြင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များကလည်း ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန်အတွက် ပွဲတော်သို့ လာသည့်လမ်းများ၌ ကြီးကြပ်ဆောင်ရွက်ပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ရန်အတွက်လည်း ကျန်းမာရေးဆေးပေးခန်းများ ဖွင့်လှစ်ထားရှိသည်ကိုလည်း တွေ့ရှိရသည်။

စာမျက်နှာ ၈ သို့ ✪



(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲသို့ လာရောက်လေ့လာကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့ကြသူများ၏ ဝမ်းသာပီတိစကားသံများ


ဦးကျော်စွာဦး


ကိုစိုးဝင်းဇော်


ဦးထွန်းထွန်းနိုင်


ဒေါ်ဝေဝေသွယ်


မသွယ်သွယ်လှိုင်


မောင်နိုင်ဝင်းထွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၀

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိရာ နေပြည်တော်ကောင်စီအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက်ထွက်ရှိသည့် ဒေသထွက်ကုန်များ၊ ရိုးရာအစားအသောက်များ၊ ဒေသန္တရထွက်ကုန်များကိုအခြေခံ၍ တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်သည့် စက်ယန္တရားနှင့် နည်းပညာများကို အနယ်နယ်အရပ်ရပ်မှပြည်သူများ စိတ်အားထက်သန်စွာ လာရောက်ကြည့်ရှုလေ့လာလျက်ရှိကြသည်။

ထို့ကြောင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ခင်းကျင်းပြသရောင်းချနေကြသည့် တိုင်းရင်းသားများနှင့် လာရောက်လေ့လာကြသည့် ပြည်သူများ၏ ပွဲတော်အတွင်း ပါဝင်ဆင်နွှဲရသည့် ရင်တွင်းပီတိစကားသံများကို တွေ့ဆုံမေးမြန်းရေးသားလိုက်ရပါသည်-

**ဦးကျော်စွာဦး(ညွှန်ကြားရေးမှူး၊ စက်မှုဝန်ကြီးဌာန)**

အရင်က စက်မှုဝန်ကြီးဌာနအောက်မှာ သင်တန်းကျောင်း ရှစ်ကျောင်းရှိပါတယ်။ တစ်နှစ်၊ ရှစ်လ၊ သုံးလသင်တန်းတွေ ဖွင့်လှစ်ပေးပါတယ်။ အခုရွှေ့လျားသင်တန်းက နှစ်ရှည်၊ လရှည် သင်တန်းတက်ရောက်သင်ကြားနိုင်ဖို့ အခွင့်အရေးနည်းပါးတဲ့ ကျေးလက် ဒေသက လူငယ်၊ လူရွယ်တွေအတွက်ရည်ရွယ်ပြီး ဒေသအရောက် ဖွင့်လှစ်ပေးတဲ့ သင်တန်းမျိုးဖြစ်ပါတယ်။ ရည်ရွယ်ချက်ကတော့ ကျေးလက်နေလူငယ်၊ လူရွယ်တွေ စက်မှုနဲ့သက်မွေးပညာတွေကို အခြေခံသင်ကြား တတ်မြောက်ပြီး အလုပ်အကိုင်အခွင့်အလမ်းရှာဖွေတဲ့အခါမှာ အထောက်အကူဖြစ်ဖို့ရယ်၊ အခြေခံသက်မွေးပညာတွေကို သိရှိနိုင်ဖို့၊ ဒီသင်တန်းကျောင်းတွေကနေတစ်ဆင့် အလုပ်အကိုင်အခွင့်အလမ်းတွေပိုမိုရရှိပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ဖို့နဲ့၊ နိုင်ငံတော်က လိုအပ်နေတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေကို တစ်ဖက်တစ်လမ်းကနေ ဖြည့်စွက်ပေးဖို့ဆိုပြီး ရည်ရွယ်ချက်တွေနဲ့ ဒေသအရောက် စက်မှုနဲ့သက်မွေး ရွှေ့လျားသင်ကြားပေးခြင်းဖြစ်ပါတယ်။

ပြည်ထောင်စုအဆင့် MSME ဒေသထွက်ကုန်ပြပွဲနဲ့ ပြိုင်ပွဲက ပြည်ထောင်စုအဆင့်ဖြစ်တဲ့အတွက် ပြည်နယ်နဲ့ တိုင်းဒေသကြီးက လုပ်ငန်းရှင်တွေရော၊ ပြည်သူ ပြည်သားတွေရော လာရောက်လေ့လာကြမှာဖြစ်တဲ့အတွက် စက်မှုဝန်ကြီးဌာနကဆောင်ရွက်နေတဲ့ စက်မှုနဲ့သက်မွေးရွှေ့လျားသင်တန်းတွေကို သိရှိသွားမှာဖြစ်ပါတယ်။ လေ့လာရင်းနဲ့ သင်ကြားတတ်မြောက်ချင်တယ်ဆိုရင် ကျွမ်းကျင်မှုအခြေပြုသုံးလသင်တန်း၊ တစ်နှစ်သင်တန်းတွေအထိ တက်ရောက်သင်ကြားခြင်းဖြင့် နိုင်ငံတော်မှာလိုအပ်နေတဲ့ MSME ကဏ္ဍ လူ့စွမ်းအားအရင်းအမြစ်တွေအတွက် များစွာအထောက်အကူပြုမယ်လို့ ယုံကြည်ပါတယ်။ ရွှေ့လျားသင်တန်းမှာ အခြေခံလျှပ်စစ်ပညာသင်တန်း၊ အခြေခံစက်ပြင်သင်တန်း၊ အခြေခံဂဟေဆက်သင်တန်းနဲ့ အခြေခံ မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းနည်း သင်တန်းဆိုပြီး သင်တန်းလေးမျိုး သင်ကြားပေးလျက်ရှိပါတယ်။ ဒီသင်တန်းက နှစ်ပတ်သင်တန်းဖြစ်တဲ့အတွက် သက်ဆိုင်ရာဘာသာရပ်တွေအလိုက် အခြေခံတွေကို သင်ကြားပေးခြင်းဖြစ်ပါတယ်။ ဒီထက်ပိုမို သင်ကြားတတ်မြောက်လိုတယ်ဆိုရင် သုံးလ၊ တစ်နှစ်သင်တန်းတွေကို ဆက်လက်တက်ရောက်သင်ကြားနိုင်ပါကြောင်း အသိပေးလိုပါတယ်။

**ကိုစိုးဝင်းဇော်(ရှမ်းပြည်နယ်ကိုယ်စားပြုပြခန်း)**

ကျွန်တော်က Bamboo design and Construction ရဲ့ Operations Director ဖြစ်ပါတယ်။ ဝါးနဲ့ပတ်သက်ပြီး အဆောက်အအုံဒီဇိုင်းနဲ့ ဆောက်လုပ်ရေးလုပ်ငန်းတွေ လုပ်ကိုင်ပါတယ်။ ဝါးနဲ့ပတ်သက်ပြီး လှပသေသပ်အဆင့်မီတဲ့ပရိဘောဂတွေ ထုတ်လုပ်နိုင်ဖို့ ကြိုးစားနေပါတယ်။ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲမှာ လာရောက်ပြသခွင့်ရတဲ့ အကျိုးရလဒ်က အတော်ကိုကောင်းမွန်ပါတယ်။ အခုဆိုရင် ကျွန်တော့်ကို လာရောက်ချိတ်ဆက်တဲ့ လုပ်ငန်းတွေလည်း ရှိပါတယ်။ အကျိုးတူဆောင်ရွက်ချင်တဲ့ လုပ်ငန်းရှင်တွေရဲ့ ဆွေးနွေးမှုလည်းရှိပါတယ်။ အခုလို ဝန်ကြီးဌာနတွေ၊ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေရဲ့ လုပ်ငန်းတွေအကုန် စုစည်းလိုက်တဲ့အတွက် လုပ်ငန်းတွေဖလှယ်ခွင့်ရသွားပါတယ်။ ကိုယ့်အရည်အသွေးကို ပြသခွင့်ရတဲ့အပြင် တခြားသူရဲ့ အရည်အသွေးကိုလည်း လေ့လာခွင့်ရတဲ့အတွက် ဒီပြပွဲကြီးက ကောင်းမွန်တဲ့အစီအစဉ်တစ်ခုဖြစ်ပါတယ်။ အခုဆိုရင် ကျွန်တော်ယူလာတဲ့ ပရိဘောဂတွေရဲ့ တစ်ဝက်က ရောင်းကုန်သွားပြီဖြစ်တဲ့အတွက် MSME ထုတ်ကုန်ပြပွဲကြီးက ကျွန်တော်တို့လို လုပ်ငန်းရှင်တွေအတွက် အခွင့်အရေးကောင်းတစ်ခုလို့ မြင်မိပါတယ်။

**ဦးထွန်းထွန်းနိုင်(ကချင်ပြည်နယ်ကိုယ်စားပြုပြခန်း)**

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲကြီးမှာ ကချင်ပြည်နယ်ကိုယ်စားပြုပြခန်းမှာ ရောင်းချခွင့်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်ပါတယ်။ ဂျိန်းဖော့သူ ကချင်ရိုးရာအထည် ပုဆိုး၊ မိန်းမဝတ်ဝမ်းဆက်၊ လုံချည်စက်ရက်ထည်၊ လက်ရက်ထည်တွေကို ရောင်းချပါတယ်။ ဒီပြပွဲကြီးမှာ ကိုယ့်ပြည်နယ်ရဲ့ ရိုးရာအဝတ်အထည်တွေကို ရောင်းချခွင့်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ တစ်နေရာတည်းမှာ တိုင်းရင်းသားပေါင်းစုံရဲ့ ရိုးရာအဝတ်အထည်၊ ရိုးရာအစားအစာတွေအပြင် လုပ်ငန်းရှင်တွေနဲ့လည်း ဆွေးနွေးဖလှယ်ခွင့်ရတဲ့အတွက် အခွင့်ထူးတစ်ရပ်လို့ မြင်မိပါတယ်။ ကျွန်တော်တို့လိုလုပ်ငန်းရှင်တွေအတွက် ဈေးကွက်ချဲ့ထွင်နိုင်မယ်လို့ ယုံကြည်ပါတယ်။

**ဒေါ်ဝေဝေသွယ်( ဆရာမ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်း)**

ကျွန်မက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ စိုက်ပျိုးရေးသိပ္ပံ ကျောင်းပေါင်းစုံအားကစားပြိုင်ပွဲမှာ လာရောက်ယှဉ်ပြိုင်ဖို့အတွက် ရောက်ရှိနေတာဖြစ်ပါတယ်။ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန် ပြပွဲနှင့် ပြိုင်ပွဲကို လေ့လာရေးလာရောက်ဖြစ်ပါတယ်။ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေရဲ့ ပြခန်းတွေကို အရင်ဆုံး လေ့လာဖြစ်ပါတယ်။ ကျွန်မက ကယားတိုင်းရင်းသူဖြစ်တဲ့အတွက် ကယားပြခန်းကို ပိုပြီး စိတ်ဝင်တစားလေ့လာဖြစ်ပါတယ်။ ကိုယ့်ပြည်နယ်ကို သတိရနေတဲ့အချိန် အခုလို လေ့လာခွင့်ရတဲ့အတွက် အပျော်ရွှင်ဆုံးဖြစ်ပါတယ်။ ကိုယ့်ပြည်နယ်ကို ရောက်သွားသလို ခံစားရပါတယ်။ ဒီလိုတစ်နေရာတည်းမှာ တိုင်းရင်းသားပေါင်းစုံကို တစ်ပြိုင်တည်း လေ့လာနိုင်ဖို့ စီစဉ်ပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ပါတယ်။

**မသွယ်သွယ်လှိုင်(ကျောင်းသူ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသင်တန်းကျောင်း)**

ဒီ MSME ထုတ်ကုန်ပြပွဲက ပြခန်းတွေကို လေ့လာကြည့်ရှုခဲ့ပါတယ်။ စိုက်ပျိုးရေးကျောင်းက ကျောင်းသူဖြစ်တဲ့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပြခန်းကို အရင်ဆုံးလေ့လာဖြစ်ခဲ့ပါတယ်။ ကျောင်းသင်ခန်းစာတွေအတွက်လည်း အထောက်အကူဖြစ်စေပါတယ်။ စိတ်ဝင်စားဖွယ်ရာ ပြခန်းတွေလည်း အများရှိပါတယ်။ တိုင်းရင်းဆေးပြခန်းမှာတော့ မိဘတွေအတွက် လိမ်းဆေး၊ ရှူဆေးတွေ ဝယ်ခဲ့ပါတယ်။ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေရဲ့ ပြခန်းတွေကိုလည်း မြင်တွေ့ရတော့ မြန်မာနိုင်ငံအနှံ့အပြားကို ခရီးထွက်ရသလို ခံစားရပါတယ်။ စိတ်ဝင်စားစရာတွေ၊ ဗဟုသုတတွေ အများကြီးတိုးစေတဲ့အတွက် သူငယ်ချင်းတွေနဲ့ နောက်တစ်ခေါက်လာရောက်ကြည့်ရှုဦးမယ်လို့ စိတ်ကူးထားပါတယ်။

**မောင်နိုင်ဝင်းထွေး(လေ့လာသူ၊ ရမည်းသင်းမြို့)**

ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေရဲ့ ထုတ်ကုန်ပြပွဲကို သူငယ်ချင်းတွေနဲ့အတူ လာရောက်လေ့လာတာဖြစ်ပါတယ်။ ကိုယ့်မြန်မာနိုင်ငံမှာရှိတဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေက ဒေသအလိုက်ထွက်ရှိတဲ့ ထုတ်ကုန်တွေ၊ ရိုးရာအစားအစာတွေ၊ ရိုးရာအဝတ်အထည်တွေကို လေ့လာခွင့်ရတဲ့အတွက် စီစဉ်ပေးတဲ့သူတွေကို ကျေးဇူးတင်မိပါတယ်။ လယ်ယာထွက်ကုန်ပစ္စည်းတွေကို ပြသထားတာလည်းတွေ့ရပါတယ်။ တချို့အရာတွေကို အခုလို အပြင်မှာပါမြင်တွေ့ခွင့်ရတဲ့အတွက် ဗဟုသုတတိုးစေပါတယ်။ ဒီ MSME ထုတ်ကုန်ပြပွဲနဲ့ ပြိုင်ပွဲကြီးမှာ ဗဟုသုတတွေ၊ စိတ်ဝင်စားစရာတွေ များစွာပြသထားလို့ သူငယ်ချင်းတွေကိုလည်း လာရောက်လေ့လာဖို့ ဖိတ်ခေါ်ချင်ပါတယ်။

**တွေ့ဆုံမေးမြန်း - အေးအေးသန့်၊ ဂျိုင်းလော**
**ဓာတ်ပုံ - ဂျိုင်းလော**

❂ စာမျက်နှာ ၇ မှ

အဆိုပါ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ MSME များ ပူးပေါင်းဆောင်ရွက်မှု တိုးတက်လာစေပြီး ကုန်ထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက် ဒေသတစ်ခု၏လိုအပ်ချက်ကို အခြားဒေသမှ ဖြည့်ဆည်းလာရန်နှင့် အားသာချက်/အားနည်းချက်များကို သိမြင်ဖော်ထုတ်လာစေရန်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ထုတ်ကုန်ပစ္စည်းများသည် ဈေးနှုန်းတူပါက ပစ္စည်းကောင်းရန်၊ ပစ္စည်းချင်းတူပါက အရည်အသွေး ပိုကောင်းရန်၊ ထုတ်လုပ်သည့် လုပ်ငန်းရှင်များအနေဖြင့် လိုအပ်ချက်များကို သိမြင်ဆောင်ရွက်လာစေရန်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ဆောင်ရွက်နေသည့် ဒေသတစ်ခု ထုတ်ကုန်တစ်ခု အစီအမံများ အောင်မြင်ရေးအတွက် အားပေးမြှင့်တင်ရန်၊ MSME များ၏ ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ်မြှင့်တင်နိုင်စေရန်၊ တန်ဖိုးမြှင့်ထုတ်ကုန်အသစ်များကို ပြည်ပသွင်းကုန်အစားထိုးအဖြစ် ပြည်တွင်းမှ ပိုမိုသုံးစွဲနိုင်ရန်နှင့် ပြည်ပသို့ ဈေးကွက်ချဲ့ထွင်နိုင်ရန်၊ MSME များနှင့် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံသူများ ပိုမိုချိတ်ဆက်ပူးပေါင်းဆောင်ရွက်လာစေရန်၊ ပြည်ထောင်စုအဆင့် အသိအမှတ်ပြု MSME စံပြထုတ်ကုန်ဆုများ ပေးအပ်နိုင်စေရန်နှင့် MSME လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေး ကူညီပံ့ပိုးဆောင်ရွက်ပေးရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။

အဆိုပါ ပြပွဲနှင့်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ ဝန်ကြီးဌာနပြခန်းများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာရောင်းချသည့်ဆိုင်ခန်းများ၊ နည်းပညာပြခန်းများ၊ ပြည်ပစက်ပစ္စည်းနှင့် ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ရောင်းချပေးလျက်ရှိပြီး မိဘပြည်သူများ (အခမဲ့) လာရောက်အားပေး လေ့လာဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်း - အောင်ရဲသွင်၊**
**အေးအေးသန့်၊ ဂျိုင်းလော**
**ဓာတ်ပုံ - ကိုကြီးထိန်၊ ဂျိုင်းလော**

# ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် မိုင်းဟာဒေသအတွင်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုဆောင်ရွက်နေသည့် တရုတ်နိုင်ငံသား ၂၁ ဦး ထပ်မံဖော်ထုတ်ဖမ်းဆီးရမိ



ဖေဖော်ဝါရီ ၉ ရက်တွင် ထပ်မံဖော်ထုတ်ဖမ်းဆီးရမိသည့် တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု လုပ်ဆောင်နေသူများအား တွေ့မြင်ရစဉ်။




မိုင်းရယ်မြို့နယ် မိုင်းဟာဒေသအတွင်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု လုပ်ဆောင်နေသူများအား ထပ်မံဖော်ထုတ်ဖမ်းဆီးရမိခဲ့သည့် နေရာပြပုံ။

နေပြည်တော် ဖေဖော်ဝါရီ ၁၀

မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်မှုများ ဆောင်ရွက်ခဲ့ရာ အများစုသည် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ ၎င်းတို့၏ ကိုယ်ကျိုးစီးပွားများ အတွက် အလုပ်လုပ်ကိုင်ရန် တရားမဝင် ဝင်ရောက်လာကြသူများ ဖြစ်ကြောင်း တွေ့ရှိရသည်။

နိုင်ငံတော်အစိုးရ အနေဖြင့်လည်း အဆိုပါတရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်း အပါအဝင် အခြား ဒုစရိုက်လုပ်ငန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များမှတာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအပါအဝင် ပူးပေါင်းအဖွဲ့များက တက်ကြွစွာဖြင့် တင်းတင်းကျပ်ကျပ် ရှာဖွေစစ်ဆေး ဖော်ထုတ်ဖမ်းဆီးမှုများ အဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၉ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့နယ် မိုင်းဟာဒေသအတွင်း တရားမဝင် အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့် တရုတ်နိုင်ငံသား အမျိုးသား ၂၁ ဦးအား ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် လိုအပ်သည့် စစ်ဆေးမှုအား ဆောင်ရွက်လျက်ရှိပြီး ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

၎င်းနယ်မြေအတွင်း ဖေဖော်ဝါရီ ၅ ရက်မှ ၉ ရက်အထိ တရားမဝင် အွန်လိုင်း လောင်းကစားနှင့် ငွေကြေးလိမ်လည်မှု လုပ်ငန်းများ ဆောင်ရွက်နေသူများအား လုံခြုံရေးဆောင်ရွက်ပေးနေသူ ငါးဦး၊ တရုတ်နိုင်ငံသား အမျိုးသား ၄၈ ဦး၊ အမျိုးသမီးနှစ်ဦး၊ ဗီယက်နမ်နိုင်ငံသား အမျိုးသမီး ၁၈ ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ငါးဦး၊ အမျိုးသမီး ၂၉ ဦး စုစုပေါင်း ၁၀၂ ဦးတို့အား တရားမဝင် အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်ရာတွင် အသုံးပြုသည့် ဖုန်းမျိုးစုံ အလုံး ၂၆၀၊ Laptop ၂၅ လုံး၊ Desktop ၂၁ လုံး၊ Keyboard ၂၈ လုံး၊ Wifi စက် နှစ်လုံး၊ Starlink ခုနစ်လုံး၊ လက်နက်မျိုးစုံ ခုနစ်လက်၊ ကွန်ပျူတာ ၇၂ လုံး၊ ငါးဂိမ်းစက် ငါးလုံး၊ မော်တော်ယာဉ်မျိုးစုံ သုံးစီး၊ ဆက်စပ်ပစ္စည်းများနှင့် အတူ ဖမ်းဆီးရမိခဲ့သည်။

အထက်ပါ ဖြစ်စဉ်များတွင် ဖမ်းဆီးရမိသူများအား စိစစ်ဆောင်ရွက်လျက်ရှိပြီး ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်ခြင်းနှင့် ပြည်ပနိုင်ငံသားများအား လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော် အစိုးရအနေဖြင့် တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု လုပ်ဆောင်နေသူများနှင့် အခြား ဒုစရိုက်လုပ်ငန်းများတွင် ပါဝင်ပတ်သက်သူများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ တင်းတင်းကျပ်ကျပ် စုံစမ်းဖော်ထုတ်လျက်ရှိပြီး ပြတ်ပြတ်သားသား အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ကြာအင်းဆိပ်ကြီးမြို့နယ် အနန်းကွင်းကျေးရွာရှိ နေအိမ်များအား လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည်ဟု သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ




နေပြည်တော် ဖေဖော်ဝါရီ ၁၀

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် အနန်းကွင်းကျေးရွာရှိ နေအိမ်များအား ဇန်နဝါရီ ၂၉ ရက်မှ ဖေဖော်ဝါရီ ၅ ရက်အထိ လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည်ဟု ပြည်ဖျက်မီဒီယာများက သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍သက်ဆိုင်ရာ မြို့နယ် လုံခြုံရေးတာဝန်ရှိသူတစ်ဦးနှင့် ဒေသခံပြည်သူများ၏ ပြောကြားချက်အရ အနန်းကွင်းကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည်မှာ မှန်ကန်မှုမရှိကြောင်းနှင့် အကြမ်းဖက်သမားများကသာ ကျေးရွာများအတွင်း ဝင်ရောက်၍ အတင်းအဓမ္မလူသစ်စုဆောင်းခြင်း၊ ဆက်ကြေးကောက်ခံခြင်းများ လုပ်ဆောင်လျက်ရှိပြီး ၎င်းတို့အပေါ် ထောက်ခံအားပေးမှုမရှိသည့် ကျေးရွာများအား ရှော့တိုက်ဒုံးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်လေ့ရှိကြောင်း၊ ယခုဖြစ်စဉ်တွင်လည်း အကြမ်းဖက်သမားများသည် ကြာအင်းဆိပ်ကြီးမြို့နယ်ရှိ ကျေးရွာအချို့ကို မီးရှို့ဖျက်ဆီးခြင်းနှင့် ပြည်သူပိုင်ပစ္စည်းများကို အဓမ္မယူဆောင်နေသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည်ကို တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများ အထင်အမြင် လွဲမှားစေရန်အတွက် သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဖေဖော်ဝါရီ ၁၀

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Daw Moe Moe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကဒုံကနီကျေးရွာနေ မိုးမိုး (၆၀)နှစ်အား နံနက် ၁၁ နာရီ ၅ မိနစ်တွင် ကဒုံကနီနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အမျိုးသမီးတစ်ဦးကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

အမျိုးသမီးတစ်ဦးကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

### အမိန့်ချမှတ်

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် တဲကုန်းကျေးရွာနေ နန်းထွေးနှင့် မြင့်မြင့်စန်းတို့က မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် တဲကုန်းကျေးရွာနေ မ---၊ ၂၁/၂၀၂၄ နှစ်အား တရုတ်ဇနီးမယားအဖြစ် ဆောင်ရွက်ပါက တင်တောင်းငွေအဖြစ် တရုတ်ယွမ် ၄၀၀၀၀ ရရှိမည်ဟု ပြောဆိုစည်းရုံးပြီး တရုတ်ယောကျ်ားထံ ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြသဖြင့် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ပုသိမ်ကြီးမြို့မရဲစခန်း(ပ) ၃၁၀/၂၀၂၄၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့သည်။ အောင်မြေသာစံခရိုင် တရားရုံးမှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် တရားခံ နန်းထွေးနှင့် မြင့်မြင့်စန်းတို့ နှစ်ဦးကို လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ရက်(၁၀၀)စပါးများအား ဆန်ကြိတ်ခွဲပြီး ဌာနများအလိုက် ဝန်ထမ်းများသို့ အချိုးကျခွဲဝေ၍ သက်သာသောဈေးနှုန်းဖြင့် ရောင်းချ

**မန္တလေး ဖေဖော်ဝါရီ ၁၀**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန မဲကင်းကုန်းနှင့် ငွေ့ကြီးကုန်းလယ်များမှ စိုက်ပျိုးထွက်ရှိလာသည့် ရက် ၁၀၀ စပါးများအား ဆန်ကြိတ်ခွဲပြီး ဌာနများအလိုက် ဝန်ထမ်းများသို့ အချိုးကျခွဲဝေ၍ သက်သာသောနှုန်းထားဖြင့် ရောင်းချပေးခြင်းအစီအစဉ်အား ယနေ့နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး ခြောက်ထပ်ဆောင်မြေညီထပ်တွင် ကျင်းပရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း တက်ရောက်ပြီး ဆန်အိတ်များအား ဝန်ထမ်းများထံ ပေးအပ်သည်။

ထိုသို့ ရောင်းချပေးရာတွင် ကော်မတီရုံးအပါအဝင် ဌာန (၁၅)ခုမှ ဝန်ထမ်းဦးရေစုစုပေါင်း ၅၄၆၀ ဦးတို့အတွက် ဆန်အိတ်တစ်အိတ်လျှင် ငွေကျပ် ၉၅၀၀၀ တန်ဖိုးရှိ ဆန်အိတ်ပေါင်း ၄၅၅ အိတ် စုစုပေါင်း ငွေကျပ် ၄၃၂၂၅၂၈၀ ကို စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနမှ ထုတ်လုပ်နိုင်ခဲ့ပြီး ဆန်တစ်ပြည်လျှင် ငွေကျပ် ၃၉၆၀ ဖြင့် ဝန်ထမ်းတစ်ဦးလျှင် ဆန် ၂ ပြည် ငွေကျပ် ၇၉၂၀ နှုန်းကျသင့်ငွေဖြင့် အချိုးကျခွဲဝေ၍ သက်သာသောနှုန်းထားဖြင့် ရောင်းချပေးခြင်းဖြစ်ပြီး မြို့တော်ဝန်နှင့် ကော်မတီဝင်(၁) ဦးမြင့်ဦး၊ ကော်မတီဝင်(၂) နေလင်းထွန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဌာနမှူး ဦးတင်စိုးတို့က ဆန်အိတ်များကို သက်ဆိုင်ရာဌာနအသီးသီးမှ ဦးစီးအရာရှိများနှင့် ဝန်ထမ်းများထံ အသီးသီးလွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်)

# မုံရွာတက္ကသိုလ်တွင် မြန်မာ့ရိုးရာစုပေါင်းထမနဲထိုးပြိုင်ပွဲ ကျင်းပ

**မုံရွာ ဖေဖော်ဝါရီ ၁၀**

ဘာသာရပ်ပေါင်းစုံ မြန်မာ့ရိုးရာ စုပေါင်းထမနဲထိုးပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းက မုံရွာတက္ကသိုလ်တွင် ကျင်းပသည်။

ကျောင်းသား၊ ကျောင်းသူများနှင့် ဝန်ထမ်းများ စည်းလုံးညီညွတ်မှုရှိစေရန်၊ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်တတ်စေရန်နှင့် မြန်မာ့ရိုးရာအစဉ်အလာများကို သိရှိနားလည်သဘောပေါက်၍ ဆက်လက်ထိန်းသိမ်းစောင့်ရှောက်စေလိုသော ရည်ရွယ်ချက်များဖြင့် ထမနဲထိုးပြိုင်ပွဲကို (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုအဖြစ် ကျင်းပခြင်းဖြစ်သည်။

မြန်မာ့ရိုးရာစုပေါင်းထမနဲထိုးပြိုင်ပွဲတွင် တက္ကသိုလ်ရှိ ဘာသာရပ်ပေါင်းစုံ ကျောင်းသား၊ ကျောင်းသူအသင်းများနှင့် သင်ကြား၊ စီမံအသင်းတို့မှ ဝန်ထမ်းများအသင်းစုစုပေါင်း (၈)သင်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ထမနဲထိုးပြိုင်ပွဲတွင် ဆုရရှိကြသည့် ပြိုင်ပွဲဝင်အသင်းများအား တာဝန်ရှိသူတို့က ဆုများလက်ဝယ်အရောက် ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ထမနဲထိုးပြိုင်ပွဲသို့ မုံရွာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသန်းသန်းဝင်းနှင့် တာဝန်ရှိသူများလာရောက်အားပေးခဲ့ကြသည်။

(အောက်ပုံ)(၃၉၄)



# မြစ်သားမြို့နယ် သာလွန်စံပြကျေးရွာအတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**မြစ်သား ဖေဖော်ဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် VDP စီမံကိန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အနီးကပ်ကြီးကြပ်မှုဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ သာလွန်စံပြကျေးရွာအတွင်းရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ၁၅ ဒသမ ၀၀သန်းနှင့် ပြည်သူများထည့်ဝင်ငွေ ၃ ဒသမ ၀၀သန်း အကုန်အကျခံကာ မြို့နယ်/ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာများ ပံ့ပိုးကူညီမှုဖြင့် ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီမှ ဦးဆောင်ကာ အရှည် ပေ ၇၀၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြစ်သည်။ မြစ်သားမြို့နယ် သာလွန်စံပြကျေးရွာအတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းကြောင့် ကျေးရွာမှ အိမ်ခြေ (၂၇၈)အိမ်၊ အိမ်ထောင်စု (၃၂၀)စု၊ လူဦးရေ (၁၄၂၉)ဦးတို့ သွားလာရာတွင် လွယ်ကူလျင်မြန်စွာ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ပြီး ပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် ကဏ္ဍစုံပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။



(ဝဲပုံ)

ဝါဝါမြင့်(မြစ်သား)


## ပန်းမန်သစ်ပင် လေသန့်စင်၍ ဥယျာဉ်တောတန်း စိတ်ရွှင်လန်း၏။

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲလွမ်း ၂၀၁၀ ဧကထိ စိုက်ပျိုးပြီးစီး

**ပွင့်ဖြူ ဖေဖော်ဝါရီ ၁၀**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲလွမ်းသီးနှံ ၂၀၁၀ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲလွမ်း သီးနှံဧက ၃၂၃၂ဧက စိုက်ပျိုးရန် လျာထားရှိပြီး ဒေသခံတောင်သူများက လျာထားစိုက်ဧက ပြည့်မီစေရန်အတွက် ၂၀၂၄ ခုနှစ် နိုဝင်ဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ပဲလွမ်း ၂၀၁၀ ဧက စိုက်ပျိုးပြီးစီးသွားပြီဖြစ်သည်။



"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း စားနပ်ရိက္ခာဖူလုံစေဖို့၊ သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်စေဖို့နဲ့ ဒေသခံတောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့ရည်ရွယ်ပြီး ဆောင်ရွက်တာဖြစ်ပါတယ်။ သီးနှံစိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး အထွက်နှုန်းများ တိုးတက်အောင် အရည်အသွေးပြည့်ဝတဲ့ သီးနှံများထွက်ရှိအောင် တောင်သူတွေကို မျိုးကောင်း မျိုးသန့်များ ရွေးချယ်စိုက်ပျိုးကြဖို့၊ စိုက်နည်းစနစ်များ မှန်ကန်စေဖို့နဲ့ ပိုးမွှားကျရောက်မှုမရှိအောင် ကြိုတင်ကာကွယ်ကြဖို့စတဲ့ စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းတွေ ကူညီဆောင်ရွက်ပေးပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် စိုက်ပျိုးရေးဦးစီးဌာနက ပဲမျိုးစုံသီးနှံ စိုက်ပျိုးတောင်သူများကို အထွက်နှုန်းတိုးတက်ကောင်းမွန်စေရန် ဒေသနှင့် ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေ စနစ်တကျသုံးစွဲရေး၊ ပိုးမွှားရောဂါ မကျရောက်စေရန် ကြိုတင်ကာကွယ်နှိမ်နင်းရေး၊ စိုက်ပျိုးရေးသွင်းအားစုများ မှန်ကန်စွာ သုံးစွဲတတ်စေရေး စသည့် တောင်သူအသိပညာပေးလုပ်ငန်းများကို သက်ဆိုင်ရာ ဆက်စပ်ဌာနများနှင့် ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ပွင့်ဖြူမြို့နယ်တွင် ပဲလွမ်းသီးနှံအား အရည်အသွေးနှင့် အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပြည်ပပို့ကုန်အဖြစ်ပါ တင်ပို့နိုင်မည်ဖြစ်ရာ တောင်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်၍ ဒေသမရွေး ပဲလွမ်းသီးနှံကို ယခုထက်ပိုမိုကြိုးပမ်းစိုက်ပျိုးကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးက ပြောသည်။

(ဝဲပုံ)

(၄၄၅)

၀-၀-၀-၀

# စက်ရုံနှင့်မော်တော်ယာဉ်ဌာန လုပ်ငန်းသုံးယာဉ်များအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ကြည့်ရှုစစ်ဆေး



**မန္တလေး ဖေဖော်ဝါရီ ၁၀**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ် ၆၂ လမ်းရှိ စက်ရုံနှင့် မော်တော်ယာဉ်ဌာနအတွင်း လုပ်ငန်းသုံးယာဉ်၊ ယန္တရားများ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

ရှေးဦးစွာ တွဲဖက်အတွင်းရေးမှူးနှင့် တာဝန်ရှိသူများသည် စက်ရုံနှင့် မော်တော်ယာဉ်ဌာနသို့ ရောက်ရှိလာရာ ခေတ္တဌာနမှူးနှင့် တာဝန်ရှိသူများက မန္တလေးမြို့တော်သန့်ရှင်းရေး၊ သာယာလှပရေးအတွက် လုပ်ငန်းသုံးယာဉ်နှင့် ယန္တရားများအား နေ့စဉ်ယာဉ်ခွဲဝေချထားမှုနှင့် ယာဉ်များ သန့်ရှင်းသပ်ရပ်မှုရှိစေရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများအား လိုက်ပါရှင်းလင်းတင်ပြကြရာ တွဲဖက်အတွင်းရေးမှူးက လုပ်ငန်းသုံးယာဉ်၊ ယန္တရားများ ဥပဓိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ရှိသေစွာထိန်းသိမ်းကိုင်တွယ်ရေး၊ မီးဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် တွဲဖက်အတွင်းရေးမှူးက ယာဉ်မောင်းများအား ကြက်ဥများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀

၀-၀-၀-၀-၀





# ကလပ်ပေါင်းစုံ အမျိုးသားပူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနား ကျင်းပ

**မိုင်းပန် ဖေဖော်ဝါရီ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား ကလပ်ပေါင်းစုံ အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို မြို့နယ်ဘောလုံးကွင်း၌ ဖေဖော်ဝါရီ ၉ ရက် နံနက် ၈ နာရီက ယှဉ်ပြိုင်ခဲ့ကြပြီး ဆုချီးမြှင့်ခြင်းအခမ်းအနားကို မြို့နယ်အားကစားခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား ကလပ်ပေါင်းစုံ အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲတွင် မိုင်းပန်တပ်နယ်အသင်းနှင့် Chit Lu Mike FC အသင်းတို့ ယှဉ်ပြိုင်ခဲ့ကြရာ မိုင်းပန်တပ်နယ်အသင်းက Chit Lu Mike FC အသင်းအား (၃) ဂိုး (၂)ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟန်ဇော်မြင့်နှင့်သက်ဆိုင်ရာ တာဝန်ရှိသူများက ပထမဆု၊ ဒုတိယဆု၊ အကောင်းဆုံးကစားသမားဆု၊ အကောင်းဆုံးဂိုးသမားဆုနှင့် အသန့်ရှင်းဆုံးဆုများအား အသီးသီး ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



# ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အင်ပက်များ အခမဲ့ဖြန့်ဝေခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**သရက် ဖေဖော်ဝါရီ ၁၀**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ် လျှော့နည်းသုံးစွဲစေရန်ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်ကြွပ်ကြွပ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း Campaign နှင့် အင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းကို ယနေ့နံနက် ၈ နာရီက မြို့မဈေးအတွင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှဝန်ထမ်းများ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနဝန်ထမ်းများက ဈေးရောင်းဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များ အခမဲ့ဖြန့်ဝေကာ ပလတ်စတစ်အိတ်၊ကြွပ်ကြွပ်အိတ် အသုံးပြုမှုလျှော့ချရေး အသိပညာပေးပြောကြားပေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

# မန္တလေးဒေသကောလိပ် ဆဋ္ဌမအကြိမ် All regional အာစရိယပူဇော်ပွဲဖြစ်မြောက်ရေး ညှိနှိုင်းဆွေးနွေး

**မန္တလေး ဖေဖော်ဝါရီ ၁၀**

မန္တလေးဒေသကောလိပ် ဆဋ္ဌမအကြိမ် All regional အာစရိယပူဇော်ပွဲဖြစ်မြောက်ရေး ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၈ရက် မွန်းလွဲ ၁နာရီက မဟာအောင်မြေမြို့နယ်၊ ၄၁လမ်းရှိ KMC ကိုယ်ပိုင်အထက်တန်းကျောင်းခန်းမတွင် မန္တလေးဒေသကောလိပ်ကျောင်းသား၊ကျောင်းသူဟောင်းများ ဖောင်ဒေးရှင်းနာယကကြီးများ ဦးဆောင်မှုဖြင့် ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ဆဋ္ဌမအကြိမ် All regional အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအတွက် ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီ၊ကန်တော့ခံဆရာ၊ဆရာမကြီးများ စာရင်းပြုစုရေးနှင့် ဖိတ်ကြားရေးကော်မတီ၊ အာစရိယပူဇော်ပွဲ ကျွေးမွေးဧည့်ခံရေးလုပ်ငန်းကော်မတီ၊ ဆရာ၊ ဆရာမကြီးများ ကြိုဆို/ပို့ဆောင်ရေးလုပ်ငန်းကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးလုပ်ငန်းကော်မတီ၊ ဖျော်ဖြေရေးလုပ်ငန်းကော်မတီတို့မှ ကဏ္ဍအလိုက် အကြံပြုဆွေးနွေးကြသည်။ ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲတွင် ဆရာ၊ ဆရာမကြီး ၉၇ ဦး တက်ရောက်မည်ဖြစ်ပြီး ရပ်ဝေးနေထိုင်သော ဆရာ၊ ဆရာမကြီး ၄၁ဦးအား အဝေးရောက် ကန်တော့မည်ဖြစ်သည်။ ဆရာ၊ ဆရာမကြီးတစ်ဦးလျှင် ငွေကျပ် ၅သိန်းနှုန်း ဂါရဝပြုနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ Batch အသီးသီးမှ ကျောင်းသား၊ ကျောင်းသူဟောင်း ကိုယ်စားလှယ်များကလည်း အလှူငွေလက်ခံရရှိမှုများကို တင်ပြကြသည်။ အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၃ရက် နံနက် ၉ နာရီမှ ၁၀နာရီအထိ ဖူးကျင့်ခန်းမအပေါ်ထပ်တွင် ကျင်းပမည်ဖြစ်ပြီး Gathering Lunch Party ကို နံနက် ၁၁ နာရီမှ ၁၂ နာရီအထိ ဖူးကျင့်ခန်းမမြေညီထပ်တွင် ကျင်းပမည်ဖြစ်ရာ GLP တက်ရောက်မည့် ကျောင်းသား၊ကျောင်းသူဟောင်းများအနေဖြင့် လက်မှတ်တစ်စောင် ငွေကျပ် ၂၅၀၀၀ နှုန်းဖြင့် အတန်းကိုယ်စားလှယ်များထံ ဝယ်ယူတက်ရောက်နိုင်ကြောင်း သိရသည်။

**(၀၄၅)**

# မုန်လာထုပ် (ဂေါ်ဖီထုပ်) စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အကျိုးအမြတ်ရရှိ

**ကျွန်းလှ ဖေဖော်ဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ချောင်းရေ၊ မြေအောက်ရေတင်ပြီး ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးထုတ်လုပ်ကြရာ ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ စိုက်ပျိုးသော မုန်လာထုပ် (ဂေါ်ဖီထုပ်) စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အကျိုးအမြတ်ရရှိကြကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

'ကျွန်တော်တို့ ဒေသမှာ ချောင်းရေတင်စနစ်ဖြင့် (အရပ်ခေါ်ရေပင်) ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးကြပါတယ်။ ဒီနှစ်ဆောင်းရာသီမှာ မုန်လာထုပ်(ဂေါ်ဖီထုပ်) အပင် ၂၀၀၀ စိုက်ပျိုးပြီး မျိုးဖိုး၊ မြေဩဇာ၊ ဆေးဖိုး၊ ထွန်ယက်ခ၊ လုပ်အားခအပါအဝင် ငွေကျပ် ၇ သိန်းခန့် ကုန်ကျပါတယ်။ အခုအခါ သီးနှံပေါ်ပြီး မုန်လာထုပ်တစ်ထုပ်သေးရင် ငွေကျပ် ၂၀၀၀၊ ကြီးရင်ငွေကျပ် ၂၅၀၀ ရောင်းရတဲ့အတွက် အကျိုးအမြတ်ရရှိပါတယ်' ဟု ရှမ်းစုကျေးရွာ မုန်လာထုပ်စိုက်ပျိုးသူ ဦးထွန်းအေးက ပြောသည်။

ဟင်းသီးဟင်းရွက်စိုက်ပျိုးသည့် တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကျန်းမာရေးနှင့်ညီသော သီးနှံများထွက်ရှိရေး၊ သွင်းအားစုပစ္စည်းများ ကုန်ကျစရိတ်သက်သာစွာသုံးစွဲနိုင်ရေးအတွက် ဒေသထွက်ပစ္စည်းများဖြင့် သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေး၊ ပိုးပြေးဆေးနှင့် အားဆေးပြုလုပ်နည်းများ ကွင်းဆင်း အသိပညာပေးလျက်ရှိသည်။

ကျွန်းလှမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးမှုအဖြစ် မုန်လာထုပ်၊ ပန်းမုန်လာ၊ ခရမ်း၊ ခရမ်းချဉ်၊ ကိုက်လန်၊ နံနံ၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ မုန်ညင်းရွက်စသည့်သီးနှံများ စိုက်ပျိုးကြပြီး မိသားစုဝင်ငွေရရှိကြကြောင်း သိရသည်။

**(၄၈၀)**



## ပြည်ထောင်စုနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးနှင့် ပန်းချီပြိုင်ပွဲများ ကျင်းပ

**ကျိုင်းတုံ ဖေဖော်ဝါရီ ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၌ ယနေ့တွင် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြို အထိမ်းအမှတ် အခြေခံပညာအဆင့် စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါး နှင့် ပန်းချီပြိုင်ပွဲများကို မြို့နယ် ပညာရေးမှူးရုံးတွင် ကျင်းပခဲ့သည်။

ထိုသို့ယှဉ်ပြိုင်ကြရာ ကျိုင်းတုံ မြို့နယ်အတွင်း အခြေခံပညာ ကျောင်းများမှ စာစီစာကုံးပြိုင်ပွဲ တွင် အထက်တန်းအဆင့် ရှစ်ဦး၊ လယ်တန်းအဆင့် ၁၁ ဦး၊ မူလ တန်းအဆင့် ၁၁ ဦး၊ ပန်းချီ ပြိုင်ပွဲတွင် အထက်တန်းအဆင့် ခုနစ်ဦး၊ လယ်တန်းအဆင့် ၁၂ ဦး၊ မူလတန်းအဆင့် ၁၀ ဦး၊ ကဗျာပြိုင်ပွဲတွင် အထက်တန်း အဆင့် ကိုးဦး၊ လယ်တန်းအဆင့် ရှစ်ဦး၊ ဆောင်းပါးပြိုင်ပွဲတွင် အထက်တန်းအဆင့် ရှစ်ဦး၊ အလယ်တန်းအဆင့် လေးဦး၊ စုစု ပေါင်း ၈၅ ဦး ပါဝင်ယှဉ်ပြိုင်ကြ ကြောင်း သိရသည်။**(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**



## ၁၀ လအတွင်း ဆန်တင်ပို့မှုမှ ဒေါ်လာ ၁၀၄၉ သန်း ရရှိထားကြောင်း MRF ထုတ်ပြန်

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာလကုန်အထိ ၁၀ လတာအတွင်း ပြည်ပဝယ် လက် နိုင်ငံတွေထံ ဆန်နှင့် ဆန် ကွဲတင်ပို့မှုကနေ ပို့ကုန်ဝင်ငွေ အမေရိကန် ဒေါ်လာ ၁၀၄၉ သန်း ရရှိထားကြောင်း မြန်မာ နိုင်ငံဆန်စပါးအသင်းချုပ်က ဖေဖော်ဝါရီ ၁၀ ရက်က ထုတ် ပြန်ထားသည်။

ဆန်၊ ဆန်ကွဲမက်ထရစ်တန် ချိန် ၂၂၄၄၂၅၅ တန် တင်ပို့မှု ကနေ အမေရိကန်ဒေါ်လာ ၁၀၄၉ သန်း ရရှိထားပြီး ဘယ်ဂျီယံ နိုင်ငံက အများဆုံး ဝယ်ယူတာ ဖြစ်ကြောင်း MRF ထုတ်ပြန် ချက်စာရင်းတွင် ဖော်ပြထားသည်။

လအလိုက် တင်ပို့မှုကိုကြည့် ရင် အောက်တိုဘာလမှာ အများ ဆုံး တင်ပို့နိုင်ခဲ့ပြီး ဇန်နဝါလ တွင် ဆန်၊ ဆန်ကွဲ တန်ချိန် စုစုပေါင်း ၂၂၄၄၂၅၅ တန် တင် ပို့မှုမှ ဒေါ်လာ ၁၀၁ သန်း ထပ်မံရရှိခဲ့ခြင်းဖြစ်သည်။

ဇန်နဝါရီလအတွင်း ဆန် တန်ချိန် ၁၂၈၆၇ တန်၊ ဆန်ကွဲ တန်ချိန် ၄၃၂၅ တန်ချိန်ကို ပင်လယ် ရေကြောင်းကုန်သွယ်မှု မှ တန်ချိန် ၂၀၉၅၉၈ ဒသမ ၅ တင်ပို့ခဲ့ပြီး နယ်စပ်ကုန်သွယ်မှုမှ တင်ပို့နိုင်ခြင်းမရှိကြောင်း သိရ သည်။

ဧပြီလမှာ ဒေါ်လာ ၅၅ သန်း၊ မေလမှာ ၃၆ သန်း၊ ဇွန် လမှာ ၈၄ သန်းနဲ့ ဩဂုတ်လမှာ ၉၇ သန်း၊ စက်တင်ဘာလမှာ ၁၀၄ သန်း၊ အောက်တိုဘာလမှာ ၁၈၉သန်း၊ နိုဝင်ဘာလမှာ ၁၅၆ သန်း၊ ဒီဇင်ဘာလမှာ ၁၄၅ သန်း၊ ဇန်နဝါရီလမှာ ၁၀၁သန်း ရရှိထားကြောင်းကိုလည်း MRF ၏ အချက်အလက်တွေအရ သိရ သည်။

ဆန်နှင့် ဆန်ကွဲ အမျိုး အစား နှစ်ခုထဲက ဆန်တင်ပို့မှု ကိုကြည့်ရင် ပြည်ပနိုင်ငံ ၂၁ နိုင်ငံက အဓိက ဝယ်လိုအားရှိပြီး အဲဒီအထဲမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ က အများဆုံး ဝယ်ယူထားပြီး ဒုတိယအများဆုံးမှာ ပိုလန်နှင့် တတိယအများဆုံးမှာ တိုဂို က အများဆုံး ဝယ်ယူသူတွေအဖြစ် ရှိနေသည်။

ဆန်ကွဲကိုတော့ ပြည်ပနိုင်ငံ ၉ ခုကနေ အများအပြား ဝယ်ယူလျက်ရှိပြီး ဘယ်လ်ဂျီယံ၊ တရုတ်နိုင်ငံတွေကနေ အများဆုံး ဝယ်ယူလျက်ရှိတာကို စာရင်း တွေမှာ ဖော်ပြထားသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အနေဖြင့် ၂၀၂၄ ဧပြီလမှ ၂၀၂၅ မတ်လအထိ ဘဏ္ဍာနှစ် အတွင်း ဆန်၊ ဆန်ကွဲတန်ချိန် ၂ ဒသမ ၅ သန်း တင်ပို့နိုင်ဖို့ ရည်မှန်း ထားပြီး လက်ရှိအချိန်ထိ တန် ချိန် ၂ဒသမ ၂ သန်းကျော် တင်ပို့ ထားကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ရွှေမန်း**

## (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ၂၀၂၅ ခုနှစ်၊ (၂၁)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲ ကျင်းပမည်

(၂၁)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲကို ၇၈ လမ်းနှင့် သိပ္ပံလမ်းထောင့်၊ ဆင်ဖြူကန်ကွင်းအရှေ့ဘက်ခြမ်းနေရာတွင် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂)ရက်နေ့မှ (၁၅)ရက်နေ့ထိ ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲတွင်

(၁) ပန်းအလှပြုပြင်ခြင်းပြိုင်ပွဲ
(၂) ပန်းအလှပင်ပြိုင်ပွဲ
(၃) ရာသီပန်းအလှပင်ပြိုင်ပွဲ
(၄) အရွက်အလှပင်ပြိုင်ပွဲ
(၅) ရွက်လှပင်ပြိုင်ပွဲ
(၆) ပြည်တွင်းသစ်ခွပြိုင်ပွဲ
(၇) ပြည်ပသစ်ခွပြိုင်ပွဲ(ကတ်တလီးယားပြိုင်ပွဲ)
(၈) ပြည်ပသစ်ခွ(စင်ဘီးဒီးယမ်းပြိုင်ပွဲ)
(၉) ပြည်ပသစ်ခွ(ဗန်ဒါပြိုင်ပွဲ)
(၁၀) နှင်းဆီပင်အမျိုးမျိုးပြိုင်ပွဲ
(၁၁) ရှားစောင်းပင်ပြိုင်ပွဲ
(၁၂) သက်ကြီးပုပင်(ဘွန်ဆိုင်း)ပြိုင်ပွဲ
(၁၃) အသီးပါသည့် အလှအပင်ပြိုင်ပွဲ
(၁၄) ဟင်းသီးဟင်းရွက် အရွက်ပြိုင်ပွဲ (ဥပမာ-မုန်ညင်းရွက်)
(၁၅) ဟင်းသီးဟင်းရွက် အထုပ်ပြိုင်ပွဲ (ဥပမာ-ဂေါ်ဖီထုပ်၊ ပန်းမုန်လာထုပ်)
(၁၆) ဟင်းသီးဟင်းရွက် အသီးပါအပင်ပြိုင်ပွဲ (ဥပမာ-ခရမ်း၊ ငရုတ်)
(၁၇) ဟင်းသီးဟင်းရွက် ဥပြိုင်ပွဲ (ဥပမာ-မုန်လာဥ)
(၁၈) သစ်သီးပြိုင်ပွဲ (ဥပမာ-သဘော်သီး၊ ဖရဲသီး)
(၁၉) ဟင်းသီးအသီး အလုံးလိုက်ပြိုင်ပွဲ (ဥပမာ-ဘူးသီး)
(၂၀) သစ်သီးဝလံအခိုင်လိုက်ပြိုင်ပွဲ (ဥပမာ-ငှက်ပျောခိုင်၊ အုန်းသီးခိုင်)
(၂၁) သစ်သီးဝလံဥပြိုင်ပွဲ(ဥပမာ-စိမ်းစားဥ၊ ကန်စွန်းဥ၊ ဝဥ၊ မျောက်ဥ)
(၂၂) ဟင်းသီးအသီးအနှံအတွဲလိုက်ပြိုင်ပွဲ (ဥပမာ-ခရမ်းချဉ်သီး)
(၂၃) သစ်သီးပုံဖော်အလှဆင်ခြင်းပြိုင်ပွဲ

ပြိုင်ပွဲအမျိုးအစားအားလုံးအတွက် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆု(၃)ဆု ချီးမြှင့်မည် ဖြစ်ပါသည်။ ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန် များအား ဆင်ဖြူကန်ကွင်းအရှေ့ဘက်ခြမ်း ကွပ်ကဲရေးရုံးသို့ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၀)ရက်နေ့ ရုံးချိန်အတွင်း ပေးပို့ရမည်။ ပန်းအလှပြုပြင်ခြင်းနှင့် သစ်သီးပုံဖော်အလှဆင်ခြင်း ပြိုင်ပွဲများအတွက် ပြိုင်ပွဲဝင်ပစ္စည်းများကို ဖေဖော်ဝါရီလ(၁၁)ရက်နေ့ နံနက်(၁၁)နာရီအထိ လက်ခံဆောင်ရွက်ပေးပါမည်။ အသေးစိတ်အချက်အလက်များကို မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန၊ ဖုန်း(၀၉-၉၈၂၁၁၁၁၁၁၊ ၀၉-၂၅၉၀၈၀၇၅၇)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း ငွေကျပ် ၉၀ ဈေးကျဆင်း

စားအုန်းဆီ အခြေခံလက် ကားရည်ညွှန်းဈေးနှုန်း ယခု တစ်ပတ်မှာ ဈေးအနည်းငယ်ပြန် ကျဆင်းလာရာ တစ်ပိဿာလျှင် ငွေကျပ် ၇၀၇၅ ဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာနမှ ထုတ်ပြန်ကြေညာထားသည်။

ပြီးခဲ့သည့် တစ်ပတ် ဖေဖော် ဝါရီ ၃ ရက်မှ ၉ရက်အထိ စားအုန်းဆီ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေး သည် တစ်ပိဿာလျှင် ငွေကျပ် ၇၁၆၅ ဖြစ်ခဲ့ပြီး ယခုတစ်ပတ် ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၆ရက် အထိ ရည်ညွှန်းဈေးသည် ငွေ ကျပ် ၇၀၇၅ ဖြစ်သဖြင့် ငွေ ကျပ် ၉၀ ဈေးကျသွားခြင်း ဖြစ်သည်။

စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ စား သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူး ခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ အနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေး နှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက် သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေ ရေး ထိန်းကျောင်းဆောင်ရွက် လျက်ရှိပြီး စားအုန်းဆီ အဓိက ထုတ်လုပ်တင်ပို့သည့် မလေးရှား နိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့ တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့် ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ် များ၊ အခွန်အခများ ထည့်သွင်း တွက်ချက်၍ ပြည်တွင်းဈေးကွက် ၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေး နှုန်းကို ထုတ်ပြန်ပေးလျက်ရှိ ပါသည်။




ထို့အပြင် ပြည်တွင်းဈေး ကွက်အတွင်း ဈေးနှုန်းမြင့်တင် ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း နှင့် မသမာသည့် လုပ်ဆောင်မှု များ ပြုလုပ်ပါက အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ အရ အရေးယူဆောင်ရွက်သွား မည်ဖြစ်ကြောင်း အသိပေးထုတ် ပြန်ထားသည်။

**(ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၅)**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Sakla Beni သုံးပွင့်ဆိုင် တူရကီအချစ် ဇာတ်လမ်းတွဲ ဖြစ်



ခေတ်ရေစီးကြောင်းကြား ကျော်ကြားလာသည့် တူရကီဇာတ်ကားများအနက် Sakla Beni မှာ သုံးပွင့်ဆိုင်အချစ်ဇာတ်လမ်းတွဲဖြစ်ပြီး လူငယ်ပရိသတ်ကြား ရေပန်းစားခဲ့ကြောင်း ရိုတေးရှင်းဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

တူရကီဇာတ်လမ်းတွဲများတွင် ချောမောလှပသော မင်းသမီးများ ပါဝင်လေ့ရှိရာ ရွှေရွှန်းကိုက်မွေးဖွားလာသည့် မက်တဲနှင့်နက်တို့ကြား အစေခံမလေး အိန်ဂျလာတို့၏ သုံးပွင့်ဆိုင်အချစ်ဇာတ်လမ်းကို အလှည့်အပြောင်းများနှင့်ပုံဖော်ထားသည်။

ဇာတ်လမ်းတွဲပိုင်းတွင် ပိုင်နိုင်သည့် တူရကီဇာတ်ကားများ၏ အံ့အားသင့်ဖွယ်အလှည့်အပြောင်းများကြောင့် ပရိသတ်စွဲမက်နေကြခြင်း ဖြစ်သည်။ (SKY)



## သိပ္ပံနည်းကျ ကြက်ဥပြုတ်နည်းသစ်ဖြင့် ရှာဖွေတွေ့ရ

ကြက်ဥကို ရေနွေးနှင့် ရေအေးကြား ပြောင်းလဲပြုတ်ခြင်းဖြင့် အနှစ်နှင့်အကာကို အကောင်းဆုံးဖြစ်စေမည့် သိပ္ပံနည်းကျ ကြက်ဥပြုတ်နည်းသစ်ကို အမေရိကန်သုတေသီများ မကြာသေးမီက ရှာဖွေတွေ့ရှိခဲ့ကြောင်းဆက်သွယ်ရေးအင်ဂျင်နီယာ ဂျာနယ်တွင် ဖော်ပြသည်။

ထိုကြက်ဥပြုတ်နည်းသစ်သည် ပြုတ်ထားသော ကြက်ဥ၏ အနှစ်နှင့်အကာကို အကောင်းဆုံးအခြေအနေအထိ ရောက်အောင် ချက်ပြုတ်နည်းဖြစ်ပြီး ရိုးရာပြုတ်နည်းများထက် အာဟာရပါဝင်မှုကို ပိုမိုကောင်းမွန်စေသည်။

ပေလယ်ဂရီနိုမူစတို ဦးဆောင်သော သုတေသီများသည် တွက်ချက်မှုအခြေပြုအရည်လည်ပတ်မှုဓာတ်ခွဲစနစ်ကို အသုံးပြု၍ ချက်ပြုတ်နည်းသစ်ကို အဆင့်မြှင့်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (SCI)

## Jung Kook ၏ I am Still ဂျပန်ပရိသတ် အားပေးမှု မြင့်မား

အဆိုတော်၊ တေးရေး၊ ဂီတမှူးနှင့် ထုတ်လုပ်သူ ဂျောင်ဂု၏ I Am Still ပထမဆုံးတစ်ကိုယ်တော်ဂီတအယ်လ်ဘမ်ရုပ်ရှင်သည် ကမ္ဘာတစ်ဝန်း ရုံတင်ငွေ များစွာရရှိထားပြီး ဂျပန်ပရိသတ်အားပေးမှု မြင့်မားခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဂီတအယ်လ်ဘမ်ရုပ်ရှင်သည် ၂၀၂၄ ခုနှစ်အတွင်း Music Cinema Event များအနက် ရုံတင်ဝင်ငွေ အများဆုံး ရုပ်ရှင်ဖြစ်ပြီး ပြည်တွင်းသာမက ဂျပန်နိုင်ငံမှ အားပေးမှု မြင့်မားစွာ ရရှိထားသည်။

ရုံတင်ငွေသာမက I Am Still Merchandise ရောင်းချမှုများလည်း မြင့်မားစွာ ရရှိထားကာ ဂျောင်ဂုက ကိုယ်တိုင်တေးရေး၊ တေးဆို၊ ဂီတမှူးနှင့် ထုတ်လုပ်ထား၍ ကြိုးစားဖန်တီးထားသည့် အရာ ဖြစ်သည်။

(SKY)

* - * - * - * - *









## Steven Noh က Love in the Big City နှင့် မျက်နှာသစ်ဆု ရရှိ

၂၀၂၄ ခုနှစ်တွင် ကျင်းပခဲ့သည့် Blue Dragon Film Award 2024 တွင် LGBT ဇာတ်ကောင်နှင့် မင်းသား စတီဗင်နိုဟ်က အကောင်းဆုံးမျက်နှာသစ်ဆု ရရှိခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားတွင် ဂေးဇာတ်ကောင်နေရာမှ သရုပ်ဆောင်ခဲ့သည့် မင်းသားတစ်ယောက်အဖြစ် ပထမဆုံးမှတ်တမ်းဝင်ခဲ့သော စတီဗင်နိုဟ်သည် LG-BTQ ဇာတ်ကောင်အတွက် ဂုဏ်ပြုခံရမှုတစ်ခု ရရှိခဲ့ခြင်းဖြစ်သည်။

စတီဗင်နိုဟ်သည် ချောမောခန့်ညားသော ရုပ်ရည်နှင့် သွယ်လျသော ကိုယ်ခန္ဓာကို ပိုင်ဆိုင်ထားကာ အဆိုပါဇာတ်ကားတွင် ဂေးတစ်ဦးကဲ့သို့ သရုပ်ဆောင်ပီပြင်မှုကြောင့် ထူးချွန်ဆု ဆွတ်ခူးရယူနိုင်ခဲ့သည်။ (SKY)




## Park Shin-hye ၏ The Judge From Hell အောင်မြင်မှု မရရှိခဲ့

နာမည်ကြီးမင်းသမီး ပတ်ရှင်ဟေး ပါဝင်ထားသည့် ဒရမ်မာဇာတ်ကား Dr Slump အပြီး လက်ခံရိုက်ကူးထားသည့် The Judge From Hell မှာ ထင်သလောက်အောင်မြင်မှု မရရှိခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားလူကြိုက်နည်းရခြင်း အကြောင်းမှာ ဇာတ်ကားတည်းဖြတ်မှု ကောင်းမွန်ပြီး ဇာတ်လမ်းဖွဲ့စည်းမှုတွင် ဗီလိန်များ ပြန်ခံရသည့် အပိုင်းကို အားမရဖြစ်ခဲ့ကြကာ ပတ်ရှင်ဟေး၏ဇာတ်ရုပ်အသစ်ဆန်းဖြစ်နေ၍ ပရိသတ်အားပေးမှု အားနည်းခဲ့သည်။

မင်းသား ကင်ဂျောင်ယွန်၏ သရုပ်ဆောင်မှု ကောင်းမွန်၍ ရေပန်းစားခဲ့ကာ အပိုင်း(၁၄)ပိုင်းနှင့် တရားစီရင်သည့် ငရဲမင်းက ပြစ်ဒဏ်အရ တရားသူကြီးကိုယ်ထဲ ဝင်ပူး၍ ရာဇဝတ်သား၂၀ ယောက်ကို တစ်နှစ်အတွင်း ငရဲပြည်ပို့ရသည့်အကြောင်း ရိုက်ကူးထားခြင်း ဖြစ်သည်။

(SKY)

* - * - * - * - *

## Mariah Carey က Billboard No. 1 နေရာလွဲပြောင်းပေးရခြင်းကို ချီးကျူးစကား ပြောထား

ဟောလီဝုဒ်အနုပညာရှင် မာရီယာကာရေးက ဘီလ်ဘုတ်နံပါတ်တစ်နေရာမှ ရောင်းအားအကောင်းဆုံးနေရာကို Winter Ahead အဆိုတော်ထံ ပေးအပ်ရခြင်းအပေါ် ချီးကျူးစကားပြောကြားထားကြောင်း ဟောလီဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

မာရီယာကာရေးက ချီးကျူးစကားပြောကြားရာတွင် လွန်ခဲ့သည့် အပတ်က ထွက်ရှိလာသည့် ခရစ္စမတ်သီချင်း Winter Ahead မှာ ဘီတီအက်စ်မှ ဗီနှင့် ပတ်ဟိုရှင်းတို့ သီဆိုထားပြီး ဘီလ်ဘုတ်ထိပ်ဆုံးနေရာသိမ်းပိုက်သွား၍ ဒုတိယနေရာရခဲ့သော်လည်း ဝမ်းသာဂုဏ်ယူမိကြောင်း ပြောကြားထားသည်။

ဆက်လက်၍ မာရီယာကာရေးက လွမ်းမောဆွတ်ပျံ့ဖွယ်ရာအသံနှင့်သီဆိုထားပြီး ကိုယ်တိုင်ရေးသားထားကြကာ ခရစ္စမတ်အမှတ်တရဖြစ်ခဲ့သည်ဟု ပြောကြားသွားသည်။

(SKY)

* - * - * - * - *




## Margor Robbie က Wolf of Wall Street ရုပ်ရှင်ကားနှင့် နာမည်ကျော်ခဲ့

ဟောလီဝုဒ် အနုပညာရှင် မာဂေါ့ရိုဘီသည် Wolf of Wall Street ရုပ်ရှင်တစ်ကားတည်းနှင့် နာမည်ကျော်ခဲ့သူဖြစ်ကြောင်း ဟောလီဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

မာဂေါ့ရိုဘီသည် မကြာမီက Chicks in the Office အစီအစဉ်တွင် ပါဝင်ခဲ့ပြီး သူ၏ ပထမဆုံး ဟောလီဝုဒ်ရုပ်ရှင်အကြောင်း ပြောကြားခဲ့ရာ အသက်(၂၂)နှစ်နှင့် ပထမဆုံးအကြီးစား ရုပ်ရှင်တွင် ဒါရိုက်တာ မာတင်စကော့ဆီး၊ မင်းသား လီယိုနာယိုဒီကာပရီယိုနှင့် တွဲခဲ့ရသည်ဟု ဆိုသည်။

အဆိုပါဇာတ်ကား ဇာတ်ရုပ်အတွက် အရေးကြီးသော အခန်းတွင် ဇာတ်ကောင်၏ စိတ်ဓာတ်ခွန်အားနှင့် သူ၏ စိတ်ဆန္ဒကို ဖော်ပြရန် အရေးကြီးသဖြင့် သူ၏ သဘာဝအလှကို ချပြခဲ့ရခြင်းဖြစ်သည်ဟု ထပ်မံရှင်းပြခဲ့ပြီး အကယ်ဒမီ ဆန်ခါတင်စာရင်းဝင်ခဲ့ကြောင်း ပြောကြားသွားသည်။

(SKY)



## ကသာမြို့တွင် ကျောင်းပေါင်းစုံ စုပေါင်းထမနဲထိုးပြိုင်ပွဲ ကျင်းပ



**ကသာ ဖေဖော်ဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ကသာမြို့တွင် ဖေဖော်ဝါရီ ၇ ရက်က အခြေခံပညာကျောင်းပေါင်းစုံ မြန်မာ့ရိုးရာ စုပေါင်း ထမနဲထိုးပြိုင်ပွဲကို ဘုန်းတော်ကြီးသင်ပညာရေး အလယ်တန်းကျောင်း(တောင်ပေါ်ကျောင်း)တွင် ကျင်းပသည်။

ကျောင်းသား၊ ကျောင်းသူများ မြန်မာ့ရိုးရာအစဉ်အလာများကို သိရှိနားလည်သဘောပေါက်၍ ဆက်လက်ထိန်းသိမ်းစောင့်ရှောက်စေလိုသော ရည်ရွယ်ချက်ဖြင့် မြန်မာ့ရိုးရာစုပေါင်း ထမနဲထိုးပြိုင်ပွဲကို ကျင်းပခြင်းဖြစ်ပြီး အသင်း ၁၂ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ **(အပေါ်ပုံ)**

ကသာခရိုင်ပညာရေးမှူးရုံးအသင်း၊ကသာမြို့နယ်ပညာရေးမှူးရုံးအသင်း၊အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအသင်း၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းအသင်း၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းအသင်း၊ အ·ထ·က(ခွဲ) လ(၁)အခြေခံပညာအထက်တန်းကျောင်းအသင်း၊ အ·ထ·က(ခွဲ)အောက်ဝဲကြီးကျောင်းအသင်း၊ အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်းအသင်း၊ အ·လ·က အောင်ချမ်းသာကျောင်းအသင်း၊ ဘုန်းတော်ကြီးသင် အခြေခံပညာအလယ်တန်းကျောင်း(တောင်ပေါ်ကျောင်း)အသင်း၊ ပညာတံခွန်ကိုယ်ပိုင်အထက်တန်းကျောင်းအသင်းနှင့် မြစံပယ်ကိုယ်ပိုင်အထက်တန်းကျောင်းအသင်း အသင်းတို့ယှဉ်ပြိုင်ကြသည်။

ထမနဲထိုးပြိုင်ပွဲတွင် ဆုရရှိကြသည့် ပြိုင်ပွဲဝင်အသင်းများကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျင်းပမည့် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာဖတ်ပွဲ အခမ်းအနားတွင် ဆုများချီးမြှင့်ပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။ **(၃၉၄)**

## စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပ

**ဇမ္ဗူသီရိ ဖေဖော်ဝါရီ ၁၀**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသားလူငယ်များ ဗလငါးတန်ပြည့်စုံပြီး အသိပညာဗဟုသုတတိုးပွားစေရန်ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေးလူငယ်စကားဝိုင်းအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ဇမ္ဗူသီရိမြို့နယ်၊အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပခဲ့ရာ ရှေးဦးစွာ ကျောင်းသား၊ကျောင်းသူများက နိုင်ငံတော်သီချင်းဖြင့် အခမ်းအနားကို သီဆိုဖွင့်လှစ်ခဲ့သည်။

အဆိုပါ စကားဝိုင်းတွင် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဝင်းမြင့်ဦးက အမှာစကားပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကျင်းပခဲ့ရာ စေ့စပ်ညှိနှိုင်းရေးမှူးအဖြစ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဇမ္ဗူသီရိမြို့နယ်ဦးစီးမှူး ဦးစီးအရာရှိ ဒေါ်နီလာစိုးက ဆောင်ရွက်ပြီး



အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက သတ်မှတ်ခေါင်းစဉ်များအလိုက် ဆွေးနွေးကြသည်။ တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက ဆွေးနွေးမှုများနှင့်ပတ်သက်၍ သိရှိလိုသည်များကိုမေးမြန်းခဲ့ရာ လူငယ်စကားဝိုင်း ဆွေးနွေးပြောကြားပေးသော ကျောင်းသား၊ ကျောင်းသူများက ပြန်လည်ဖြေကြားပေးခဲ့သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက ပြည်ထောင်စုနေ့နှင့်ပတ်သက်သည့် အသိပညာပေးနံရံကပ်စာစောင်များ၊ လူငယ်ရေးရာနှင့်သက်ဆိုင်သည့် အသိပညာပေး နံရံကပ်ပြဘုတ်များ၊ စာအုပ်၊ စာစောင်များအား စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

ဖတ်စရာ၊ မှတ်စရာ စုံလင် ယနေ့ဖြစ်ဖြစ်

## ကျွမ်းရာသီ တပို့တွဲ


* တပို့တွဲ
ထမနဲဆိုသည့် ရာသီစာ
မြတ်ဗုဒ္ဓါ ဆွမ်းတော်ကပ်
သိမှတ်စေရာ ။

* ပေါက်လဲတို့ ပင်လုံးဖြာ
ဝေဆာလို့ ကြိုင်ဝင်း
ပင်မင်းယုက်ဖြာလို့
ရာသီမှာ ခါမီပွင့်တယ်
တောလုံးပျံ့သင်း - - - ။

* အေးချမ်းသည့် ဆောင်းဟေမာ
မြတ်ဗုဒ္ဓါ လက်တော်လှူဘို့
မီးဖုံတွေ ဆင်ယင်ပြု
နွေးမှုဓာတ်ဝင်
စုပေါင်း၍ နှံ့ကာပင်
တွဲတူယှဉ် သဒ္ဓါလောင်း
ထမနဲ ထိုးကာလှူ၍
နိဗ္ဗူကို စိတ်တူလှမ်းမယ်
နွဲကြစုပေါင်း - - - ။ ။

**သျှင်သစ္စာ**

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ် စာပေ လေ့လာစို့ ။




## မွေးကင်းစမှ အသက်(၁)နှစ်ခွဲထိ ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိ

**သရက် ဖေဖော်ဝါရီ ၁၀**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ မွေးကင်းစမှ အသက်(၁)နှစ်ခွဲထိကလေးငယ်များကို ပုံမှန် ကာကွယ်ဆေးထိုးနှံပေးခြင်းကို ယမန်နေ့ နံနက် ၉ နာရီက ပြည်တော်အေးရပ်ကွက်၊ ဆင်ဖြူတော်ဘုရားကြီးမွှာရုံတွင် မြို့ပေါ်(၈)ရပ်ကွက်မှ မွေးကင်းစမှအသက်(၁)နှစ်ခွဲထိ ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိသည်။

ကာကွယ်ဆေး ထိုးနှံပေးရာတွင်မွေးကင်းစမှ အသက် (၁)နှစ်ခွဲထိ ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေးထိုးနှံပေးရာတွင် အသက် နှစ်လ ကလေးငယ်များကို ဘီစီဂျီ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော၊ ပိုလီယို၊ ပြင်းထန်းအဆုတ်ရောင်၊ ဆုံဆို့၊ ကြက်ညှာ၊ အသည်းရောင်အသားဝါ(ပထမအကြိမ်)၊ လေးလအရွယ်ကလေးငယ်များကို ပိုလီယို၊ ပြင်းထန်းအဆုတ်ရောင်၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊အသည်းရောင်အသားဝါ(ဘီ)၊ ဦးနှောက်အမြှေးရောင်(ဒုတိယ)အကြိမ်၊ ခြောက်လမှာ(တတိယအကြိမ်) ထိုးနှံရပြီး အသက်(၉)လမှာ ဂျပန်ဦးနှောက်ရောင်၊ဝက်သက်၊ဂျိုက်သိုး(ပထမ)အကြိမ်နှင့် အသက်(၁)နှစ်ခွဲမှာ ဆုံဆို့၊ကြက်ညှာ၊မေးခိုင်၊အသည်းရောင်အသားဝါ(ဘီ)ဦးနှောက်အမြှေးရောင်(ငါးမျိုးစပ်)ကာကွယ်ဆေးများကို စတုတ္ထအကြိမ်နှင့် ဝက်သက်-ဂျိုက်သိုး ကာကွယ်ဆေးများကို ဒုတိယအကြိမ် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

**ဇော်ထက်(သရက်)**



# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်နှင့် မတွေ့ဆုံမီ အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီ လိုအပ်သည်များပြင်ဆင်

**ဒေလီ ဖေဖော်ဝါရီ ၁၀**

အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီသည် အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်နှင့် မတွေ့ဆုံမီ အမေရိကန်ပြည်ထောင်စုမှ အိန္ဒိယသို့ တင်ပို့မှုများ တိုးမြှင့်နိုင်ရန်နှင့် ဖြစ်ပေါ်လာနိုင်သည့် ကုန်သွယ်ရေးကို ရှောင်ရှားနိုင်ရန်အတွက် လာဘ်စားမှုများ ထပ်မံလျှော့ချရန် ပြင်ဆင်လျက်ရှိသည်ဟု အစိုးရအရာရှိများက ပြောကြားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။



မိုဒီသည် ဖေဖော်ဝါရီ ၁၂ ရက်တွင် အမေရိကန်ပြည်ထောင်စုသို့ အလည်အပတ်သွားရောက်မည်ဖြစ်ပြီး အမေရိကန်ပြည်ထောင်စုအတွက် ကမ္ဘာ့ကုန်သွယ်ရေးဆက်ဆံရေးကို ပြန်လည်ပုံဖော်ရန်ရည်ရွယ်ချက်ဖြင့် ထရမ့်ဘက်ကလည်း လာဘ်စားမှုတိုက်ဖျက်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ ကြေညာရန် စီစဉ်ထားသည်။

အိန္ဒိယကို ကုန်သွယ်ရေးတွင် အလွန်ကြီးမားသော အလွဲသုံးစားပြုသည့်နိုင်ငံအဖြစ် ယခင်က ထရမ့် ဝေဖန်ပြောဆိုပြီး တရားမျှတသော နှစ်နိုင်ငံကြား ကုန်သွယ်ရေးဆက်ဆံရေးဆီသို့ ဦးတည်ရန် အိန္ဒိယသည် အမေရိကန်ထုတ် လုံခြုံရေးပစ္စည်းများ ပိုမိုဝယ်ယူသင့်ကြောင်း ပြောကြားခဲ့သည်။

မိုဒီသည် ထိုလာဘ်စားမှုများကိစ္စ ထရမ့်နှင့် ဆွေးနွေးရန် မျှော်လင့်ထားပြီး အိန္ဒိယသည် ဖြစ်နိုင်ခြေရှိသော ကုန်သွယ်ရေးသဘောတူညီချက်အတွက်လည်း အဆင်သင့်ဖြစ်နေကြောင်း သိရသည်။

**Mon**

၀-၀-၀-၀-၀

## ထရမ့်၏ အမျိုးဆုံးဖိအားပေးရေး ဗျူဟာအောက်တွင် ညှိနှိုင်းဆွေးနွေးရန် အီရန်ဘက်မှ အဆင်သင့်မဖြစ်သေး



**တီဟီရန် ဖေဖော်ဝါရီ ၁၀**

အီရန်နိုင်ငံဘက်က အမေရိကန်နှင့် ညှိနှိုင်းဆွေးနွေးရန် အဆင်သင့်ဖြစ်နေသော်လည်း ဒေါ်နယ်လ်ထရမ့်၏ အမျိုးဆုံးဖိအားပေးရေးဗျူဟာအောက်တွင်မှ ညှိနှိုင်းဆွေးနွေးရန် အဆင်သင့်မဖြစ်သေးဟု အီရန်၏နိုင်ငံခြားရေးဝန်ကြီး အက်ဘတ်စ်အရတ်ချီက ဖေဖော်ဝါရီ ၉ ရက်တွင် ပြောကြားလိုက်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စုနှင့် ညှိနှိုင်းဆွေးနွေးရာတွင် သတိထားရန် အီရန်ခေါင်းဆောင်ကြီး အယာတိုလာအလီခါမေနီက ထောက်ပြခဲ့ပြီးနောက် ဝန်ကြီး အက်ဘတ်စ်အရတ်ချီက ထိုသို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

ယခင်က အမေရိကန်နှင့် အီရန် ညှိနှိုင်းဆွေးနွေးခဲ့သော အတွေ့အကြုံကို ကိုးကားပြီး ခေါင်းဆောင်ကြီး ခါမေနီက ထောက်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**



## ပိုလန်နိုင်ငံရှိ တောအုပ်တစ်ခုအတွင်းရှိ ချောင်းတစ်ခုသို့ ရှားပါးသည့် အနက်ရောင်ဝံပုလွေနှစ်ကောင် ရောက်ရှိလာ

**ဝါဆော ဖေဖော်ဝါရီ ၁၀**

ပိုလန်နိုင်ငံရှိ တောအုပ်တစ်ခုအတွင်း ချောင်းတစ်ခုကို ဖြတ်ကျော်နေသော ရှားပါးသည့် အနက်ရောင်ဝံပုလွေနှစ်ကောင်ကို ကင်မရာဖြင့် ယမန်နေ့က ရိုက်ကူးမှတ်တမ်းတင်နိုင်ခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ယင်းဗီဒီယိုကင်မရာဖြင့် ဖမ်းယူရရှိခဲ့သည့် မြင်ကွင်းက အနက်ရောင်ဝံပုလွေများ၏ ဗီဇဆိုင်ရာ အချက်အလက်များကို ပိုမိုလေ့လာနိုင်ရန်အတွက် လေ့လာရေးအဖွဲ့ကို လှုံ့ဆော်ပေးခဲ့သည်။

ပိုလန်နိုင်ငံရှိ ဝံပုလွေအကောင်ရေ ၂၅၀၀ မှ ၃၀၀၀ ခန့်တွင် အများစုသည် အနီရောင်သို့မဟုတ် အနက်ရောင်ရှိသော မီးခိုးရောင်ဝံပုလွေများသာဖြစ်ကြောင်း သိရသည်။

**Mon**

## အီးစီးကရက်ကတ်ထရစ်များ ပိုင်ဆိုင်ခြင်းနှင့်သုံးစွဲခြင်းကို ၂၀၂၆ ခု နှစ်လယ်ပိုင်းမတိုင်မီ ဟောင်ကောင်၌ တားမြစ်မည်

**ပေကျင်း ဖေဖော်ဝါရီ ၁၀**

အီးစီးကရက်ကတ်ထရစ်များ ပိုင်ဆိုင်ခြင်းနှင့် အများသူငှာ သုံးစွဲခြင်းကို ၂၀၂၆ နှစ်လယ်ပိုင်း မတိုင်မီ ဟောင်ကောင်၌ တားမြစ်သွားမည်ဟု အစိုးရ၏ ဆေးလိပ်တိုက်ဖျက်ရေးလုပ်ငန်းစဉ်ကို ဆက်လက်ဦးဆောင်အကောင်အထည်ဖော်နေသော တရုတ်နိုင်ငံ ဟောင်ကောင်ကျွန်းရှိ ကျန်းမာရေးအတွင်းဝန် လိုချုံးမွှူးက ဖေဖော်ဝါရီ ၈ ရက်တွင် ပြောကြားလိုက်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

၂၀၂၂ ခုနှစ် ဧပြီလတွင် ဟောင်ကောင်၌ အီးစီးကရက်နှင့် အပူပေးဆေးရွက်ကြီးထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းတို့ကို တားမြစ်ခဲ့သော်လည်း စီးကရက်သောက်ခြင်း ဆက်လက်တည်ရှိနေဆဲဖြစ်သည်။

မိမိတို့၏ လူငယ်များကို ကာကွယ်ရန် အီးစီးကရက်ကတ်ထရစ်များ သုံးစွဲခြင်းကို တားမြစ်ရန် အချိန်တန်ပြီဟု ယုံကြည်ကြောင်း ၎င်းက ရုပ်မြင်သံကြားအစီအစဉ်တစ်ခုတွင် ပြောကြားခဲ့သည်။

ယင်းအီးစီးကရက်ကတ်ထရစ်များ ပိုင်ဆိုင်ခြင်းနှင့် သုံးစွဲခြင်းကို တားမြစ်သည့် ဥပဒေပြဋ္ဌာန်းခြင်းဖြင့် စတင်သွားမည်ဟု လိုက ထည့်သွင်းပြောကြားကြောင်း သိရသည်။

**Mon**






ဗြိတိန်နိုင်ငံ၌ ယမန်နေ့က ပြုလုပ်သည့် လေလံပွဲတွင် စတာလင်ပေါင် ၂၁၀၀၀ ကျော်ဖြင့် ရောင်းချခဲ့ရသည့် စာရေးဆရာမ ဂျေကေရိုးလင်း ရေးသားသော ဟယ်ရီပေါ်တာနှင့် ဓာတ်လုံးစာအုပ်၏ ရှားပါးပထမအကြိမ်မူကို တွေ့ရစဉ်။

**Mon**

## ဂါဇာကမ်းမြောင်ကို ပိုင်းခြားထားသော အဓိကလမ်းကြောင်းမှ အစ္စရေးတပ်ပွဲများ ရုပ်သိမ်းစွန့်ခွာသွားပြီဟု ဆို

**ဂါဇာ ဖေဖော်ဝါရီ ၁၀**

အစ္စရေးတပ်ဖွဲ့များသည် ဖေဖော်ဝါရီ ၉ ရက်တွင် ဂါဇာကမ်းမြောင်ကို ပိုင်းခြားထားသော အဓိကလမ်းကြောင်းမှ ရုပ်သိမ်းခဲ့ပြီး ဂါဇာမြောက်ပိုင်းနီးပါးတစ်ခုလုံးကို စွန့်ခွာသွားခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ထိုသို့ရုပ်သိမ်းခြင်းသည် ဟားမတ်စ်တို့နှင့် ရေရှည်သဘောတူညီချက်တစ်ခုအတွက် ညှိနှိုင်းခြင်းမလုပ်ဆောင်မီ ယာယီအပစ်အခတ်ရပ်စဲရေးကို အစ္စရေးဘက်က လိုက်နာသည့်သဘောသက်ရောက်သည်။

ဂါဇာရှိ နက်ဇာရီယမ်လမ်းကြောင်းမှ တပ်ဖွဲ့များ ရုပ်သိမ်းခြင်းမလုပ်ဆောင်မီ ယခင်လက စတင်ခဲ့ပြီး ဆက်လက်တည်ရှိနေသော အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်နှင့်ပတ်သက်၍ ဆွေးနွေးရန် အစ္စရေးအစိုးရက ကာတာသို့ ကိုယ်စားလှယ်အဖွဲ့စေလွှတ်လိုက်သည်။

မိမိတို့အနေဖြင့် ထိုလမ်းကြောင်းမှ ထွက်ခွာရန်နှင့် ဂါဇာမြောက်ပိုင်းသို့ ပြန်လာနေသော ပါလက်စတိုင်း သိန်းနှင့်ချီအား ဆက်လက်ခွင့်ပြုရန် သဘောတူညီချက်ကို အကောင်အထည်ဖော်နေခြင်းဖြစ်သည်ဟု အစ္စရေးတပ်မတော်က ထုတ်ပြန်ကြေညာကြောင်း သိရသည်။

**Mon**



## မျောက်တစ်ကောင် ပို့အားပြောင်းစက်နှင့် ထိတွေ့မိရာမှ သီရိလင်္ကာနိုင်ငံတွင် လျှပ်စစ်ဓာတ်အား ရုတ်တရက်ပြတ်တောက်

**ကိုလံဘို ဖေဖော်ဝါရီ ၁၀**

လူဦးရေ ၂၂ သန်းရှိသော သီရိလင်္ကာနိုင်ငံတစ်ဝန်းတွင် ယမန်နေ့က လျှပ်စစ်ဓာတ်အား ရုတ်တရက်ပြတ်တောက်သွားခဲ့ရာ သက်ဆိုင်ရာ လျှပ်စစ်ဝန်ထမ်းများ လိုက်လံစစ်ဆေးပြုပြင်ပေးခဲ့ရကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိရေးလုပ်ငန်းကို တဖြည်းဖြည်းဆောင်ရွက်နေပြီး ဆေးရုံများနှင့် ရေသန့်စင်စက်ရုံများအတွက် ဆက်လက်ဦးစားပေးလုပ်ဆောင်လျက်ရှိသည်။

မျောက်တစ်ကောင် မိမိတို့၏ ဓာတ်အားလိုင်းဗို့အားပြောင်းစက်နှင့် ထိတွေ့မိပြီးနောက် ဓာတ်အားပေးစနစ်ချို့ယွင်းခဲ့ခြင်းဖြစ်သည်ဟု စွမ်းအင်ဝန်ကြီး ကုမ္မာရဂျယ်ရာကိုဒီက သတင်းထောက်များကို ထုတ်ဖော်ပြောကြားခဲ့သည်။



ဖေဖော်ဝါရီ ၉ ရက်မှစတင်၍ လျှပ်စစ်ဓာတ်အားပြသနာကြုံတွေ့ခဲ့ပြီး လျှပ်စစ်အရာရှိများက မီးပြန်လည်ရရှိရန် နာရီအနည်းငယ်ကြာနိုင်သည်ဟု ပြောကြားခဲ့သဖြင့် လူများစွာတို့ မီးစက်များကို အသုံးပြုခဲ့ရသည်။

ကိုလံဘိုမြို့တော်ရှိ ဓာတ်အားခွဲရုံတစ်ခုတွင် စနစ်တစ်ခုလုံး ပျက်စီးမှုဖြစ်ပွားစေပြီးနောက် မျောက်တစ်ကောင်ကြောင့် သီရိလင်္ကာနိုင်ငံ၏ ဓာတ်အားလိုင်းတစ်ခုလုံးကို ပျက်စီးစေခဲ့သည်ဆိုသော စကားကို အင်တာနက်လူမှုကွန်ရက်ထဲ၌ ဝေဖန်လှောင်ပြောင်ခဲ့ကြောင်း သိရသည်။

**Mon**

# အဘိုးတို့စကားဝိုင်း တိုင်းတုန်လို့အာကာလွှမ်း(၃)

မောင်လောက

လွန်ခဲ့သောပြာသိုလကွယ်ဥပုသ်နေ့က ဖြစ်၏။ အဘိုးတို့ စကားဝိုင်းဖွဲ့ရာ သုဓမ္မာဇရပ်ထဲသို့ ရောက်ခဲ့ပြန်၏။ အဘိုးတို့၏ စကားဝိုင်းသည် ပညာစုံဖွဲ့သော စကားဝိုင်းကြီးဖြစ်၏။ 'စွယ်စုံ စကားဝိုင်း'ဟု ပင်ဆိုရမည်ထင်၏။ သိစရာမှတ်စရာတို့က များလှ၏။ ထို့ကြောင့်လည်း အဘိုးတို့၏ စကားဝိုင်းဖွဲ့ရာသို့ ရောက်ဖြစ်အောင် ရောက်သွားခြင်းဖြစ်၏။ တိုတိုထွာထွာတို့ကိုလည်း မှတ်သားထားမိ၏။

'ပန်းပဲမင်းကြီးဦးမှိုက သူတည်ထောင်တဲ့ မန္တလေးအရပ်မှာ ထီးတော်ရိပ်(၃)ပါး မိုးထားစေရမယ်ဆိုတဲ့ မနောဓာတ်နဲ့တည်ထောင်ခဲ့တယ်လို့ ကြားဖူးတယ် မဟုတ်လားကိုကြီးစိန်တင်ရာ'

'ဟုတ်ပါ့ ကိုကြီးစိန်ချုပ်ရာ ဒီအရပ်မှာ ထီးအရပ်(၃)ပါး ပေါ်ထွန်းမယ်ဆိုတဲ့ အတိတ်တဘောင်လည်း ပေါ်ခဲ့ဖူးတယ်လေ 'မန်းတောင် တော်ထီးပေါင်းရိပ်နားအိပ်မှအေး' ဆိုတာ မဟုတ်လား။ ခေတ်စကားနဲ့ပြောရရင် ဒီဒေသမှာထီး(၃)လက်ပေါ်ထွန်းမယ်ပေါ့။ ဒီထီး(၃)လက်က ဘုရားထီး၊ တရားထီး၊ သံဃာထီးလို့ဆိုထားတယ် မဟုတ်လား'

'နေပါဦး ကိုကြီးစိန်တင်ရဲ့ ထင်ရှားတဲ့ပထမထီးတစ်လက်အကြောင်းပြောရရင် မကောင်းဘူးလား'

'ကိုကြီးကျားပြောတဲ့ ပထမထီးတစ်လက်အကြောင်း စတင်ပြောမှ ပိုပြီးခိုင်လုံမှာပေါ့။ မန္တလေးမဖြစ်ခင်က ဒီထီးပေါင်းကားအရပ်မှာ ထီးတစ်လက်ပေါ်ခဲ့တယ်လေ။ ဘိုးတော်မင်းတရားလက်ထက် သက္ကရာဇ်(၁၁၄၇)ခုနှစ်၊ ကဆုန်လတွင် မဟာမုနိဘုရားဗုဒ္ဓထီးတော်ကြီး ပေါ်ခဲ့တယ်လေ။ ဒီမဟာမုနိရုပ်ပွားတော်ကြီးဟာ သီပေါမင်းလက်ထက် သက္ကရာဇ်(၁၂၄၅)ခုနှစ်၊ တန်ခူးလတွင် တန်ဆောင်းပြသာဒ်တော်ကြီးနှင့်တကွ စောင်းတန်းလေးသွယ်၊ သီပေါမင်းကုသိုလ်မကိုင်ရှုတော်တို့ပါ မီးလောင်ကျွမ်းသွားခဲ့တယ်။ မီးလောင်ပြီး တစ်လအကြာ ကဆုန်လမှာတော့ သီပေါမင်းနဲ့ စုဖုရားလတ်တို့ ဦးဆောင်ပြီး မျက်နှာတော်၊ ဝမ်းဗျက်ထက် မကိုင်ရှုတော် အသစ်များ စီမံလှူဒါန်းကြတယ်။'

'ဒါဟာ ဘုရားထီးတစ်လက်လို့ပြောရမှာပေါ့ ကိုကြီး စိန်ခိုရာ။ တကယ်တော့ ဘုရားထီးဆိုတာနဲ့ မပြည့်စုံသေးဘူးနော်'

'ဒါဆိုလည်း ဘုရားထီးအကြောင်း ပြည့်ပြည့်စုံစုံလေး လင်းပြစမ်းပါဦး ကိုကြီးချမ်းအေးရာ'

'ဒီလိုလေ ကိုကြီးတုတ်ပေါရဲ့ ဘုရားထီးလို့ ပြောရုံနဲ့မပြည့်စုံဘူး။ ဘုရားမှာ ၁။ဘုရားမှန်၊ ၂။ဘုရားစစ်လို့(၂)မျိုးမှတ်ရဗျ။ ၁။ဘုရားမှန်ဆိုတာ

-သုံးဆယ့်နှစ်ပါးသော ယောကျာ်းမြတ်တို့၏ လက္ခဏာတော်ကြီးနဲ့ ပြည့်စုံခြင်းအင်္ဂါတစ်ပါး၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့နှင့် ပြည့်စုံခြင်း အင်္ဂါတစ်ပါး

-ရောင်ခြည်တော် ခြောက်သွယ်ကွန့်မြူးပြီးတော့နေနိုင်ခြင်း အင်္ဂါတစ်ပါး၊ အဲဒီအင်္ဂါသုံးပါးနှင့်ပြည့်စုံသော ရုပ်သည်ရုပ်ထူးလို့ မှတ်ပါ။

'သီလမျိုးစုံ လုံခြုံတော်မူသည့်-သီလသံဝရဂုဏ်နဲ့ ပြည့်စုံခြင်း အင်္ဂါတစ်ပါး၊ သမာဓိမျိုးစုံ ချက်ချင်းပင် လိုသလိုတည်တော်မူနိုင်ကုန်သည့် သမာဓိဂုဏ်နဲ့ပြည့်စုံခြင်းအင်္ဂါတစ်ပါး၊ ပညာမျိုးစုံ အလိုတော်နဲ့စပ်၍ ကောက်ကာငင်ကာ သိမြင်တော်မူနိုင်တဲ့ ပညာတော်ဂုဏ်နဲ့ ပြည့်စုံခြင်းအင်္ဂါတစ်ပါး၊ ဒီသုံးပါးနဲ့ ပြည့်စုံတာကို နာမ်ထူးလို ခေါ်တာပေါ့။ ဒီလိုရုပ်ထူး၊ နာမ်ထူးနဲ့ပြည့်စုံတာကို ဘုရားမှန်လို့ မှတ်ရမှာပဲ'

'ဘုရားစစ်အကြောင်းကိုတော့ ကိုကြီးပိန်ကပဲ ပြောစမ်းပါဗျာ'

'ဘုရားစစ်ဆိုတာ ဉာဏ်နဲ့ မြင်တာကို ခေါ်တယ်။ ဉာဏ်မြင်ဆိုတာ လက္ခဏာရေးသုံးပါး အစစ်မြင်တာကိုပြောတာပဲ။ အဲ့ဒီလိုအင်္ဂါတွေနဲ့ ညီညွတ်တဲ့ ဘုရားထီးရိပ်မှာ နားကြမယ်၊ ခိုကြမယ်၊ အိပ်ကြမယ်ဆိုရင် ဘေးတွေရန်တွေ ပျောက်ကွယ်ကြမှာပဲပေါ့။ ကဲ တရားထီးအကြောင်းကိုတော့ ကိုကြီးသီကပဲ ဆက်စမ်းပါလေ။'

'တရားမှာလဲ တရားမှန်၊ တရားစစ်လို့(၂)မျိုး မှတ်ကြရမှာပဲ။ တရားမှန်ဆိုတာ လောဘ၊ ဒေါသ၊ မောဟတွေနည်းရခြင်း အင်္ဂါတစ်ခု၊ နည်းရုံမကသမုစ္ဆေဒနဲ့ အမြစ်ပါအပြတ်သွားခြင်း၊ အင်္ဂါတစ်ခု အဲဒီအင်္ဂါ(၂)မျိုးနဲ့ပြည့်စုံတာကို တရားမှန်လို့ခေါ်တယ်။ တရားစစ်ဆိုတာကတော့ လက္ခဏာရေးသုံးပါးထင်တာပေါ့။ ဒါကိုပဲ ဖြစ်ပျက်မြင်တာပေါ့။ ဖြစ်ပျက်ဆိုတာ ရုပ်နာမ်စစ်စစ်ပဲပေါ့။ ကိုယ်တွေ့ဆိုလျှင် ပေါ်သိပဲပေါ့။ အခုပြောခဲ့တဲ့ တရားထီးအောက်ခိုကြမယ်ဆိုလျှင်လည်း ဘေးရန်တွေကင်းကြမှာ အမှန်ပဲပေါ့။ သံဃာထီးကိုတော့ ကိုကြီးကြောင်က ဆက်စေချင်တယ်ဗျာ။'

'သံဃာမှာလဲ သံဃာမှန်၊ သံဃာစစ်လို(၂)မျိုးကွဲတယ်ဆိုတာ ပြောစရာလိုမယ် မထင်ဘူး။ သံဃာမှန်ဆိုတာက သီလ၊ သမာဓိ၊ ပညာဂုဏ်နဲ့ ပြည့်စုံရမယ်။ သံဃာစစ်ဆိုတာကတော့ ကိုးကွယ်သူ၏ရင်ထဲမှာလက္ခဏာရေးသုံးပါးထင်နေရမယ်။ ဒါဆိုရင် သံဃာစစ်ပဲပေါ့။ အဲဒီလိုအင်္ဂါနဲ့ညီညွတ်တဲ့ သံဃာရဲ့ထီးရိပ်အောက်မှာ နေကြမယ်၊ ခိုကြမယ်ဆိုရင် တစ်ဘဝလုံး သံသရာတစ်လျှောက်လုံး အေးချမ်းကြမှာပဲပေါ့။ ဒါကြောင့် 'မန်းတောင်တော် ထီးပေါင်းရိပ်နားအိပ်မှအေး' ဆိုတဲ့ အတိတ်တဘောင်ကြီးတစ်ခု ပေါ်ခဲ့တာပဲပေါ့။ တကယ်တော့ ရှေးပညာရှိကြီး ပန်းပဲမင်းကြီးဦးမှိုက လာဘ်နေစန်းနေ ဟောရတ်မှန် တြင်းမှန်နဝင်းမှန်တွေနဲ့ ဟောဒီ'မန္တလေး'ဆိုတဲ့ မြို့ကြီးကို စတင် တည်ထောင်ခဲ့လို့ပဲပေါ့။ ဟောဒီ မန္တလေးမှာ ဘုရားဆိုတဲ့ ထီးတွေ၊ တရားဆိုတဲ့ ထီးတွေ၊ သံဃာဆိုတဲ့ ထီးတွေ စုပုံနေလို့ပဲ'ရတနာပုံ' လို့ခေါ်ဆိုလာကြပြန်တယ်။ ဒီထီး(၃)လက်ရဲ့အရိပ်ဟာ မန္တလေးတစ်မြို့တည်း မဟုတ်ဘူး။ မြန်မာတစ်နိုင်ငံကိုလည်း မိုးပေးထားတာပဲ။ ဒီထီး(၃)လက် အရိပ်အောက်မှာ နားကြ၊ ခိုကြသူတိုင်းဟာ အေးချမ်းကြမှာပဲ။ တကယ်လို့ ထီး(၃)လက် ဘေးထွက်ပြေးသူတွေကတော့ လောကအပူ၊ သံသရာအပူတွေ လောင်ကြမှာပဲ။'

'နေပါဦး ကိုကြီးကြောင်ရဲ့။ ကုန်းဘောင်မင်း(၁၁) ဆက်မှာ (၇)ရက်တည်း မင်းဖြစ်တဲ့မင်းရဲ့နာမည်နဲ့ သက္ကရာဇ်လေးကို သိချင်တယ် ဗျာ။'

'(၇)ရက်မင်းဖြစ်တဲ့ မင်းရဲ့နာမည်က မောင်မောင်လို့ခေါ်တယ်။ ဖောင်းကားမြို့ကို အပိုင်းစားရလို့ ဖောင်းကားစား မောင်မောင်လို့ သမိုင်းတွင်ခဲ့တယ်။ သူမင်းဖြစ်ခဲ့တဲ့ သက္ကရာဇ်ကခရစ်နှစ်(၁၇၈၂)ခု၊ ဖေဖော်ဝါရီ ၅ရက်မှ ၁၁ရက်အထိ ဖြစ်တယ်။ ကုန်းဘောင်မင်းဆက် (၁၁)ဆက်ရဲ့ သက်တမ်းဟာ(၁၃၃)နှစ်ပဲ ရှိတယ်။ မြန်မာသက္ကရာဇ်(၁၁၁၄)ခုနှစ်မှာ ကုန်းဘောင်မင်းဆက်စခဲ့ပြီး (၁၂၄၇)ခုနှစ်မှာ ကုန်းဘောင်မင်းဆက် နိဂုံးချုပ်သွားခဲ့တယ်။ ပထမဆုံးမင်းက အလောင်းဘုရားနောက်ဆုံးမင်းက သီပေါတို့ ဖြစ်တယ်။ အလောင်းဘုရားမှာစပြီး သီပေါမှာ ဆုံးတယ်ပေါ့။ မြို့နာမည်နဲ့ ပြောရရင် ရွှေဘိုအစ သီပေါအဆုံး ကုန်းဘောင်မင်းဆက်နိဂုံးလို့ သာမှတ်ကြ ရမှာပဲ။'

အဘိုးတို့၏ စကားဝိုင်းသည်ရပ်သွား၏။ နန်းဦးဆီမှလေနုအေးသည် မန်းတောင်တော်ပေါ်သို့ လွှမ်းခြုံသွား၏။ မန်းတောင်တော်ပေါ်မှဆက်၍ အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာ၊ အရပ်ဆယ်မျက်နှာသို့ပျံ့လွင့်နေပြီဖြစ်၏။ ထို့ကြောင့်အဘိုးတို့၏ စကားဝိုင်းသည် တိုင်းတုန်လို့ အာကာလွှမ်းနေမည်ဟု ဆိုလိုချင်ပါ၏။

## ဆောင်းနေကြာသီးနှံစိုက်ခင်းများ စတင်ရိတ်သိမ်း တစ်ဧက တင်း ၂၀ကျော်ထွက်ရှိ

**မင်းဘူး ဖေဖော်ဝါရီ ၁၀**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊မင်းဘူး(စကု)မြို့နယ်၌ ဒေသတွင်း စားသုံးဆီဖူလုံစေရေးနှင့် ဆီထွက်သီးနှံ(နေကြာ) စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် စိုက်ပျိုးခဲ့သော ဆောင်းနေကြာသီးနှံစိုက်ခင်းများ စတင်ရိတ်သိမ်းနေပြီဖြစ်ရာ တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်းအားဖြင့် နေကြာ တင်း ၂၀ ကျော်ထွက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



ဆောင်းနေကြာသီးနှံကို မြို့နယ်အတွင်းရှိ ဒေသခံတောင်သူအချင်းချင်း မျိုးသန့်ပွားသုံးစွဲနိုင်စေရန်ရည်ရွယ်၍ တစ်ကွင်းတစ်စပ်တည်း အကွက်ကျယ် စံပြကွက်များ ရိတ်သိမ်းခြင်းကို ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းက ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဒေသခံ တောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဆောင်းနေကြာသီးနှံ တစ်ကွင်းတစ်စပ်တည်း အကွက်ကျယ်စံပြကွက်များဖြစ်သော မန်းကျိုးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၂၁၅/က)ရှိ ဧက ၁၀၀ စိုက်ခင်းတွင် ဦးပိုင်အမှတ်(၂၁၃)ရှိ တောင်သူ ဦးထွန်းလှအောင်၊ဦးပိုင်အမှတ်(၂၁၄)ရှိ တောင်သူ ဒေါ်ရင်မြတို့၏ နေကြာသီးသန့်စိုက်ခင်း၊ ဦးပိုင်အမှတ်(၁၃၂/၂)ရှိ တောင်သူ ဒေါ်ဝင်း၏ နေကြာနှင့် ကုလားပဲသီးညှပ်စိုက်ခင်းအပြင် ကျောက်တန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၃၀၄)ရှိ တောင်သူ ဦးအောင်ဆန်းဝင်း၏ နေကြာစိုက်ခင်းများရှိ သတ်မှတ်ဧရိယာများ၌ ဆင်းရွှေကြာ-၂ နှင့် ရေဆင်းစပ်မျိုး-၁ ဆောင်းနေကြာစံကွက်များ ရိတ်သိမ်းခြင်းကို ဆောင်ရွက်ခဲ့ရာ တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်းအားဖြင့် တင်း ၂၀ ကျော်ထွက်ရှိခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မင်းဘူး(စကု)မြို့နယ်၌ ၂၀၂၄-၂၀၂၅ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နေကြာသီးနှံကို မျိုး၊ မြေ၊ ရေ၊ စိုက်နည်းတို့ကို အခြေခံ၍ နေကြာမျိုးစေ့ထုတ်စိုက်ခင်းများ အပါအဝင် သီးသန့်၊ သီးထပ်၊ သီးညှပ်နှင့် တစ်ကွင်းတစ်စပ်တည်း အကွက်ကျယ် စိုက်ခင်းများအဖြစ် ဧကပေါင်း ၂၉၇၈၈ ဧကအထိ တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခုအခါ မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများက ဆောင်းနေကြာ သီးနှံစိုက်ခင်းများကို စတင်ရိတ်သိမ်းဆောင်ရွက်နေပြီး ထွက်နှုန်းကောင်းမွန်လျက်ရှိကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

(ဝဲပုံ)(၅၀၀)

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်(အကြို) အခမ်းအနားများ ကျင်းပ



**အောင်လံ ဖေဖော်ဝါရီ ၁၀**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အောင်လံမြို့နယ်၊ ရွာထောင်ရပ်ကွက်ရှိ စိုက်ပျိုးပညာပေးရေးနှင့် ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီက ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် သီရိပျံချီဦးတင့်လွင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းသိန်း၊ လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးထွန်းခင်နှင့် စိုက်ပျိုးရေးဦးစီးဌာနတိုင်းဒေသကြီးဦးစီးမှူး ဦးယဉ်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး အခမ်းအနားတွင် ပါဝင်အားဖြည့်ခဲ့သော ပန်းပွားအဖွဲ့၊ ဘင်ခရာအဖွဲ့နှင့် တိုင်းရင်းသားအဖွဲ့တို့အားဆုများအသီးသီး ချီးမြှင့်ခဲ့သည်။

ထို့နောက် စပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ပြီး မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် သီရိပျံချီ ဦးတင့်လွင်နှင့် တာဝန်ရှိသူများက သင်တန်းကျောင်းဆောင်သစ်ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာပက်ဖျန်းခဲ့ပြီး ကျောင်းဆောင်သစ်အား လှည့်လည်ကြည့်ရှုခဲ့သည်။ ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းအား ဆက်လက်ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး၊ စိုက်ပျိုးပညာပေးရေးနှင့် ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် မှတ်တမ်းများ လွှဲပြောင်းပေးအပ်ခဲ့ပြီး သင်တန်းကျောင်းဆောင်သစ်ဖွင့်ပွဲ အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ရာ တက်ရောက်လာသော ဒေသခံတောင်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**အာကာ(ပြန်/ဆက်)**

**စဉ့်ကိုင် ဖေဖော်ဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၌ (၇၈)နှစ်မြောက်ပြည်ထောင်စုနေ့ အထိမ်းအမှတ်(အကြို)ဟောပြောပွဲ၊ စကားရည်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို အ.ထ.က (စဉ့်ကိုင်)ရှိ သဇင်ခန်းမ၌ ဖေဖော်ဝါရီ ၅ရက် မွန်းလွဲ ၁နာရီက ကျင်းပသည်။

အခမ်းအနားတွင် စဉ့်ကိုင်မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်ဦးက အဖွင့်အမှာစကားပြောကြားပြီး အ.ထ.က(စဉ့်ကိုင်)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နှင်းဆီက ဟောပြောပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များနှင့် ပြည်ထောင်စုနေ့ပေါ်ပေါက်လာပုံ သမိုင်းကြောင်းများ၊ စည်းလုံးရမည့် အဖွဲ့အစည်း(အသင်းအဖွဲ့)များ အကြောင်း၊ စည်းလုံးရန်အတွက် လိုအပ်သည့် စိတ်ထားများ၊ စည်းလုံးခြင်း၏ အကျိုးရလဒ်များစသည့်အကြောင်းအရာများကို ကျောင်းသား၊ ကျောင်းသူများနှင့် အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် စကားရည်လုပြိုင်ပွဲကို ဆက်လက်ကျင်းပရာ Grade-10 ကျောင်းသား၊ ကျောင်းသူ ၁၀ ဦးတို့က အဆိုဘက်တွင် "မိသားစုတွင် မောင်နှမများတာ ကောင်းသည်" ခေါင်းစဉ်နှင့် အချေဘက်တွင် "မိသားစုတွင် မောင်နှမများတာ မကောင်း" ခေါင်းစဉ်များဖြင့် ယှဉ်ပြိုင်ခဲ့ကြကြောင်းသိရသည်။

**ကျော်စွာ(စဉ့်ကိုင်)**

၀-၀-၀-၀-၀-၀



**တောင်တွင်းကြီး ဖေဖော်ဝါရီ ၁၀**

ပြန်ကြားနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အခမဲ့ဖြန့်ဝေသည့် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီခွဲက မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးနှင့် ဝန်ထမ်းများက မြို့မအခြေခံပညာအလယ်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းသား၊ ကျောင်းသူများအား အခမဲ့ဖြန့်ဝေခဲ့သည်။

အဆိုပါ လက်ကမ်းစာစောင်တွင် ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဗြဟ္မစိုရ်တရားနှင့် စစ်မှန်သော မျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီးအခွန့်ရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး၊ ၂၀၂၅ ခုနှစ်၊ ၇၈နှစ်မြောက်ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက် (၅)ချက်၊ စည်းလုံးခြင်းအင်အား တိုင်းပြည်အကျိုးစီးပွား၊ တိုင်းပြည်သာယာဝပြောဖို့ ငြိမ်းချမ်းရေးကို တည်ဆောက်စို့၊ ၂၀၂၄ခုနှစ် ဖေဖော်ဝါရီ ၈ ရက်ထုတ် မြန်မာ့အလင်းသတင်းစာမှ ဘိုမျိုး(ရွှေဘို)ရေးသားသည့် ပြည်ထောင်စုကို ကာကွယ်စို့၊ ပင်လုံစာချုပ်လက်မှတ်ရေးထိုးခဲ့ကြသည့် တိုင်းရင်းသားကိုယ်စားလှယ်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်ထံမှ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်၊ ပေါင်းစည်းချစ်ကြည်လက်တွဲညီ ပြည်ထောင်စုရဲ့ပန်းတိုင်ဆီ စသည့် စိတ်ဝင်စားဖွယ်အကြောင်းအရာများ ကဏ္ဍစုံလင်စွာ ပါဝင်ကြောင်း သိရသည်။

(အပေါ်ပုံ)

**နောင်နောင်(ဗိဿနိုးမြေ)**

**မန္တလေး ဖေဖော်ဝါရီ ၁၀**

(၇၈)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ်၊ လားရှိုးပညာရေးဒီဂရီကောလိပ်၏၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၄ရက် မွန်းလွဲ ၃နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေမန္တလာအားကစားကွင်းတွင် ကျင်းပသည်။

အစီအစဉ်အရ ကျောင်းသား၊ ကျောင်းသူများက Count Down စနစ်ဖြင့် သရုပ်ဖော်ကာ အခမ်းအနားကို စတင်ပေးပြီး "သာတူညီမျှ" သီချင်းဖြင့် ဂုဏ်ပြုတင်ဆက်ဖျော်ဖြေကြသည်။

ထို့နောက် အားကစားသမားများက ကွင်းအတွင်းသို့ ချီတက်နေရာယူကြကာ ပညာရေးဝန်ကြီးဌာန၊ ဆရာအတတ်ပညာဦးစီးဌာန၊ လားရှိုးပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာလွင်လွင်စန်းက အဖွင့်အမှာစကားပြောကြားပြီး အားကစားသမားများနှင့် ဒိုင်လူကြီးများက အားကစားသစ္စာအဓိဋ္ဌာန်ပြုကြသည်။

ဆက်လက်၍ လားရှိုးပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးဒေါက်တာလွင်လွင်စန်း၊ တိုင်းဒေသကြီးပညာရေးမှူး ဦးကျော်မိုးထွန်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ တိုင်းဒေသကြီးညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်နှင့် မန္တလေးပညာရေးဒီဂရီကောလိပ်၊ ကျောင်းအုပ်ကြီး ဒေါ်မိုးမိုးကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

၎င်းနောက် Physical Fitness Dance ဖြင့် သရုပ်ပြ တင်ဆက်ကြသည်။

ပြည်ထောင်စုနေ့အကြို၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် လားရှိုးပညာရေးဒီဂရီကောလိပ်၊ ကျောင်းတွင်းအားကစားပြိုင်ပွဲတွင် ကိုယ်ကာယကြံ့ခိုင်ရေးအတွဲအမှတ်(၁/၂/၃)၊ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်၊ လွန်ဆွဲ၊ ထုတ်ဆီးတိုး၊ Fitness dance အပါအဝင် အားကစားနည်း ၁၆မျိုးကို ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(၀၉၃)



**မိတ္ထီလာ ဖေဖော်ဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဆောင်ရွက်သည့် ကျေးရွာအတွင်းကွန်ကရစ်လမ်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၈ နာရီခွဲက မုန့်တိုင်ကျေးရွာတွင် ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် မိတ္ထီလာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်တင်မိုးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြင့်ဝင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဆောင်ရွက်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ၎င်းနောက် မုန့်တိုင်ကျေးရွာသူ၊ ကျေးရွာသားများကိုယ်စား လမ်းကော်မတီဥက္ကဋ္ဌ ဦးဝင်းလွင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။ ယင်းနောက် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဆောင်ရွက်သည့် ကျေးရွာတွင်းကွန်ကရစ်လမ်း ဖဲကြိုးဖြတ်ဖွင့်လှစ်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ကွန်ကရစ်လမ်းမုခ်ဦးတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီးဝင်းမင်းထွန်း၊ ဦးကျော်ဇေယျ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်အောင်လေး၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြင့်ဝင်း၊ မုန့်တိုင်ကျေးရွာလမ်းကော်မတီအဖွဲ့ဝင် ဦးကျော်ဆန်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး လမ်းဆိုင်းဘုတ်အား အမွှေးနံ့သာများဖြင့် ပက်ဖျန်းခဲ့ကြသည်။ ၎င်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကွန်ကရစ်လမ်းအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

မိတ္ထီလာမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာ ၁၈ ရွာတွင် ဆောင်ရွက်ခဲ့ရာ မုန့်တိုင်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် ၁၅သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၅ ဒသမ ၇၀ သန်းတို့ဖြင့် အရှည်ပေ ၆၆၀၊ အကျယ် ၁၂ ပေ၊ ထု ၆လက်မရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (၄၆၉)



## အများသိစေရန် ကြော်ငြာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရွှေစာရံကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်(၅၆၃/ရွှေစာရံ)၊ ဦးပိုင်အမှတ်(၄၅)၊ ဧရိယာ(၂ ဒသမ ၃၅)ဧကရှိ ဦးနိုင်မင်း အမည်ပေါက်ပုံစံ-၇ ယာမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သီးပင်စားပင်အမျိုးမျိုးတို့ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်သူ ဦးနိုင်မင်း (ဘ)ဦးစောညွန့်(၉/ပသက(နိုင်)၀၂၄၈၇၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက် ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဦးကျော်ကျော်သိန်း (LL,B) (DL.101 IP Law) တရားလွှတ်တော်ရှေ့နေ**

**(ဃ-၃/၅၈)၊ ၆၃ အေလမ်း၊ မြို့သစ်(၄)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊**

**မန္တလေးမြို့ ။ ဖုန်း ၀၉-၅၁၁၄၇၇၈**

**ပြင်ဆင်ဖတ်ရှုပါရန်**

(၇-၂-၂၀၂၅)ရက် မန္တလေးနေ့စဉ်သတင်းစာ စာမျက်နှာ(၂၂)တွင် ပါရှိသော ဒေါ်မွန်မြတ်ဆွေ၏ အများသိစေရန် ကြော်ငြာခြင်းတွင် ဒေါ်မွန်မြတ်ဆွေ၏ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/ပသက(နိုင်)၀၃၆၀၂၅)အစား (၉/သပက(နိုင်)၀၃၆၀၂၅)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အများသိစေရန် အသိပေးကြော်ငြာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဓ-၃)၊ ဦးပိုင်အမှတ်(၅၃)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကအကျယ်အဝန်းရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ အာရ်စီ (၄)ထပ်အဆောက်အအုံ၏ မြောက်ဘက်ခြမ်း မှန်ခန်း(၁၇×၄၈)ပေ အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်များ အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဟု အဆိုပြုသူများဖြစ်ကြသော ၁။ ဦးစိန်ဝင်း(ခ)ဦးဇော်လှိုင် (ဘ)ဦးလှမြင့်(၁၂/ကမန(နိုင်)၀၉၇၁၆၈)နှင့် ဦးဖြိုးသီတာထွေး (ဘ)ဦးတင်ညွန့်(၅/စကန(နိုင်)၀၀၅၄၁၀)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်း၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးလှဘုန်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဒေါ်မဥ္ဇူမြင့် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁-အေလမ်းနှင့်၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

**ကြော်ငြာစာ**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအနောက်ရပ်ကွက်၊ အကွက်အမှတ်(၃၈)၊ ဦးပိုင်အမှတ်(၁၀-က)၊ ၉လမ်းနှင့်၁၀လမ်းကြား၊ လမ်း၈၀နှင့်၈၁လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်အိမွန်ချို(၉/အမဇ(နိုင်)၀၁၂၂၂၆)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၉၆၉၀/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးရဲထွန်းအောင်(၉/ခအဇ(နိုင်)၀၀၆၇၀၇)က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

**ကြော်ငြာစာ**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၃၆)၊ ဦးပိုင်အမှတ်(၃၂)၊ ၄၁-Aလမ်း၊ ၅၄လမ်းနှင့်၅၅လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ DAW KHIN HTWE MYINT (၉/ခအဇ(ပြု)၀၀၀၅၃၈)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

**ကြော်ငြာစာ**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဓ-၂)၊ ဦးပိုင်အမှတ်(၇၂)၊ ၆၇လမ်း၊ လမ်း၄၀နှင့်၄၁လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမြင့်နောင်(၉/မနမ(နိုင်)၀၉၆၀၈၀)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

**ကြော်ငြာစာ**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(၁၁)၊ ဦးပိုင်အမှတ်(၁၈-ခ)၊ လမ်း၄၀နှင့်၄၁လမ်းကြား၊ ၅၆လမ်းနှင့်၅၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သန်းသန်းဌေး(၉/မနတ(နိုင်)၀၁၈၁၇၉)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၄၄၈၂/၂၀၂၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးစိုင်းစံမြတ်(၁၃/မဆတ(နိုင်)၀၅၄၇၈၃)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## အိမ်ဆောက်မိန့် ကြော်ငြာစာ

**အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ အိမ်ဆောက်မိန့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။**

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | မြို့နယ် | ရပ်ကွက် | အကွက် | ဦးပိုင် | အမျိုးအစား |
|---|---|---|---|---|---|---|---|
| ၁။ | ဦးစိုင်းအုန်းကျော် | ၁၃/တကန(နိုင်)၀၀၀၈၇၂ | အောင်မြေသာစံ | အမရဌာနီအရှေ့ | ၄၈ | ၃၆ | RC (၂)ထပ် |
| ၂။ | ဒေါ်ခင်ဝင်းကြည် | ၉/မနမ(နိုင်)၀၉၆၅၉၂ | အောင်မြေသာစံ | မဟာဧယျာဘုံ | ၄၉၂-ည | ၁၅-က | ခြံ |
| ၃။ | ဒေါ်တင်တင်ဌေး | ၁၄/ကပန(နိုင်)၀၀၃၃၄၃ | မဟာအောင်မြေ | မဟာအောင်မြေအနောက် | ၅၂၆ | ၂၂+၂၃-က+၄၀ | မြေ+RC (၄)ထပ် |
| ၄။ | ဒေါ်ဝါးမလေး(ပါ-၂) | ၁/မကတ(နိုင်)၀၀၀၁၄၆ | မဟာအောင်မြေ | ရဲမွန်တောင် | မ-၇၂/၁ | ၃၉ | အုတ်တံတိုင်း |
| ၅။ | ဒေါ်ဖြိုးဝေကျော် | ၅/တမန(နိုင်)၀၄၃၂၈၁ | မဟာအောင်မြေ | မဟာမြိုင်(၁) | ၄၁၃/၃ | [၁၃/၁-ဃ / ၇၈-က]ခဲင်း | RC (၂)ပေါ် (၁)တိုးပုံစံပြောင်း |
| ၆။ | ဒေါ်ယဉ်ယဉ်မိုး | ၁/မညန(နိုင်)၁၃၀၆၆၀ | မဟာအောင်မြေ | မဟာမြိုင်(၁) | ဓ-၈ | ၃၃-က | RC (၃)ထပ် |
| ၇။ | ဦးသိန်းအောင် | ၉/မရမ(နိုင်)၀၆၉၈၄၀ | ချမ်းမြသာစည် | ကံသာယာ | ဆဆ-၄ | ၃၀+၃၁ | RC (၂)ထပ် |
| ၈။ | ဒေါ်ယန့်ပိန်ကိန်း | ၁၃/ကခန(နိုင်)၀၈၂၂၉၆ | ချမ်းမြသာစည် | အောင်ပင်လယ် | စစ-၁၇ | ၄၈ | RC (၄)ထပ် |
| ၉။ | ဦးရဲမင်းကျော် | ၁/ရကန(နိုင်)၀၄၅၈၉၉ | ပြည်ကြီးတံခွန် | သင်ပန်းကုန်း | ညည-၃၀ | ၁၈-က | RC (၄)ထပ် |
| ၁၀။ | ဒေါ်လှမျိုးစု | ၉/မနတ(နိုင်)၀၈၃၉၈၈ | ပြည်ကြီးတံခွန် | စ | ထထ-၃၄ | ၃၈+၅၃ | RC (၃)ထပ်+ခြံစည်းရိုး |
| ၁၁။ | ဒေါ်နီနီဌေး | ၅/မရန(နိုင်)၁၂၈၄၈၅ | အမရပူရ | နတ်ရေကန် | ဝဝ-၁၀ | ၅၆ | RC (၃)ထပ် |
| ၁၂။ | ဦးရဲတာရာ | ၉/မရတ(နိုင်)၁၃၀၉၄၈ | အမရပူရ | ဥယျာဉ်တော် | ၆၂၅ | ၈၈/၅ | RC (၄)ထပ် |
| ၁၃။ | ဒေါ်ခင်ဝင်း | ၉/မရတ(နိုင်)၀၂၀၄၆၉ | အမရပူရ | ဥယျာဉ်တော် | ၆၂၅ | ၉၈/၂+၉၉ | SS (၁)ထပ် |
| ၁၄။ | ဦးဝင်းထွန်း | ၉/မလန(နိုင်)၁၀၈၅၄၇ | ပြည်ကြီးတံခွန် | (ဆ) | ဒဒ-၂၁ | ၆၆-ခဲစင်း | RC (၂)ထပ် |
| ၁၅။ | ဦးကျော်ထွန်း | ၁၃/တယန(နိုင်)၀၁၄၉၆၃ | ပြည်ကြီးတံခွန် | (က) | ယ-၄ | ၉၂ | မြေအောက်ထပ်+RC (၉)ထပ် |
| ၁၆။ | ဦးအန်ဂျန်နီကူးရ်မား | ၉/မရမ(နိုင်)၀၇၇၄၉၉ | ချမ်းအေးသာစံ | ချမ်းစံ/အလယ် | ၅၉၇ | ၃-ခ | RC (၄)ထပ် |
| ၁၇။ | ဦးသန်းအောင်(ပါ-၂) | ၉/ကပတ(နိုင်)၀၂၆၉၅၄ | ချမ်းအေးသာစံ | ရန်မျိုးလုံ | ၇၄၂ | ၃၉ | RC (၃)ထပ် |
| ၁၈။ | ဒေါ်ယဉ်ယဉ်မြင့်(ပါ-၂) | ၅/မရန(နိုင်)၃၇၃၇၁၅ | ချမ်းအေးသာစံ | မောရဂီဝါ | ၇၀၈ | ၂၂ | RC (၃)ထပ် |
| ၁၉။ | ဦးဝင်းမောင်(ပါ-၅) | ၉/မရမ(နိုင်)၀၆၂၇၅၉ | ချမ်းအေးသာစံ | ချမ်းစံ/အရှေ့ | ၅၉၄ | ၇ | RC (၄)ထပ် |
| ၂၀။ | ဦးနူးရ်စလင်း | ၉/မရမ(နိုင်)၀၅၇၅၄၇ | ချမ်းအေးသာစံ | ကန်ကောက် | ၅၁၄/၃ | ၃၈-ဈ | RC (၃)ထပ် |
| ၂၁။ | ဒေါ်အေးအေးငြိမ်း | ၅/ရဘန(နိုင်)၂၂၈၀၉၄ | ချမ်းအေးသာစံ | ရန်မျိုးလုံ | ၇၄၃ | ၃ | RC (၃)ထပ် |

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## အိမ်ဖျက်မိန့် ကြော်ငြာစာ

**အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ အိမ်ဖျက်မိန့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။**

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | မြို့နယ် | ရပ်ကွက် | အကွက် | ဦးပိုင် | အမျိုးအစား |
|---|---|---|---|---|---|---|---|
| ၁။ | ဒေါ်တင်တင်ဌေး | ၁၄/ကပန(နိုင်)၀၀၃၃၄၃ | မဟာအောင်မြေ | မဟာအောင်မြေအနောက် | ၅၂၆ | ၂၂+၂၃-က+၄၀ | နံကပ် (၂)ထပ်ဖျက် |
| ၂။ | ဦးစိုးမြင့်(ပါ-၃) | ၉/မရမ(နိုင်)၀၆၀၃၆၂ | ချမ်းအေးသာစံ | မောရဂီဝါ | ၇၁၃ | ၁၇-ဓ | နံကပ် (၂)ထပ်ဖျက် |
| ၃။ | ဦးသန်းအောင်(ပါ-၂) | ၉/ကပတ(နိုင်)၀၂၆၉၅၄ | ချမ်းအေးသာစံ | ရန်မျိုးလုံ | ၇၄၂ | ၃၉ | ထရံကာ (၂)ထပ်ဖျက် |
| ၄။ | ဒေါ်ယဉ်ယဉ်မြင့်(ပါ-၂) | ၅/မရန(နိုင်)၃၇၃၇၁၅ | ချမ်းအေးသာစံ | မောရဂီဝါ | ၇၀၈ | ၂၂ | နံကပ် (၂)ထပ်ဖျက် |

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ စာကြည့်တိုက်ဆိုသည်မှာ ပညာဖြန့်ဝေပေးရာ ဌာနကြီးတစ်ခုဖြစ်...

❖ စာဖတ်စေရန်နှင့် စာဖတ်အားများ တက်လာစေရန် ဆောင်ရွက်ရမည်ဖြစ်...

❖ တစ်ဦးချင်း အသိပညာများ ကြွယ်ဝစေရန်အတွက် စာဖတ်ရန်လို...

❖ ဖတ်ရှုသည့်စာကို ဖတ်ရုံသာမဟုတ်ဘဲ မှတ်သားထားရှိရန်လည်းလို...

❖ စာဖတ်ခြင်းဖြင့် အသိပညာဗဟုသုတများ တိုးပွားလာမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# မြန်မာ့သနပ်ခါးကို ကမ္ဘာကသိရှိအောင် ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းနိုင်ရေး ဆောင်ရွက်လျက်ရှိ

**မန္တလေး ဖေဖော်ဝါရီ ၁၀**

မြန်မာ့သနပ်ခါးကို ကမ္ဘာကသိရှိအောင် ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ လာမည့် မတ်လ ၃၁ ရက်နေ့တွင် UNESCO သို့ တင်ပြသွားမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)မှ သိရသည်။

အဆိုပါ UNESCO အဖွဲ့အစည်းသို့ ၂၀၂၀ ခုနှစ်က တင်ပြခဲ့ရာ မပြည့်စုံသေးသဖြင့် လိုအပ်သောအချက်အလက်များဖြည့်ဆည်း၍ ယခုနှစ်တွင် ဆက်လက်တင်ပြခြင်းဖြစ်ပြီး ဖေဖော်ဝါရီ ၁၂ ရက်ကို မြန်မာ့သနပ်ခါးနေ့ဟု သတ်မှတ်ထားသည်ဟု ဆိုသည်။

"သနပ်ခါးကို ဆေးအဖြစ်သုံးတာလား၊ အလှအပအတွက်သုံးတာလား၊ ဘယ်လိုအသုံးဝင်တယ်၊ သနပ်ခါးနဲ့ ပတ်သက်လို့ Public က ပါဝင်တဲ့အကြောင်းနဲ့ အသက်ကြီးငယ်မရွေးသုံးစွဲတယ် ဆိုတာတင်ပြဖို့ သူတို့ Review တွေ ကောက်ခံပါတယ်။ လိုအပ်တဲ့ အချက်အလက်တွေကို လာမယ့် မတ် ၃၁ ရက် နောက်ဆုံးထားတင်ပြရမှာပါ"ဟု ယင်းဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

UNESCO သို့တင်ပြရန် လိုအပ်သည့် အချက်အလက်များဖြည့်ဆည်းသည့်အနေဖြင့် ဖေဖော်ဝါရီ ၁၄ ရက်ထိ လူမှုကွန်ရက်မှသနပ်ခါးအကြောင်း အဆိုပြုလွှာကောက်ခံမည်ဖြစ်ပြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနများ၊ စာကြည့်တိုက်များနှင့် ယဉ်ကျေးမှုပြတိုက်များသို့ လာရောက်သူများထံမှလည်း သနပ်ခါးနှင့် ပတ်သက်သည့် အသုံးဝင်ပုံများကို ကောက်ယူကြောင်း သိရသည်။

"မြန်မာအမျိုးသမီးတွေဆိုရင် နေ့တိုင်းသနပ်ခါးလိမ်းကြတာက ရိုးရာဓလေ့တစ်ခုပါ။ နေပူဒဏ်ခံတယ်၊ အသားအရေလှတယ်ပေါ့။ နောက်ပြီး ဆေးဖက်ဝင်တယ်။ သနပ်ခါးကို ရှေးနှစ်ပေါင်းများစွာကတည်းက ဒီနေ့ထိ အသုံးပြုနေကြတယ်။သနပ်ခါးပင်က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးမှာ များစွာ အထောက်အကူဖြစ်တယ်လို့လည်း သိရတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

**(ယာပုံ)**



ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)အနေဖြင့် မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်ရှိ အင်းဝမြို့ဟောင်းကိုလည်း ကမ္ဘာ့ရှေးဟောင်းအမွေအနှစ် စာရင်းတင်သွင်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၉)**

## ဒဂုံစတားယူနိုက်တက်ကို အနိုင်ရခဲ့သည့် မဟာယူနိုက်တက်အဆင့် ၅ သို့ ယာယီတက်ရောက်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ကစားခဲ့သည့် ဒဂုံစတားယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ ပွဲစဉ်တွင် မဟာယူနိုက်တက်အသင်းက တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ယနေ့ပွဲစဉ်၏ ပထမပိုင်း အစပိုင်းမိနစ်များတွင် မဟာယူနိုက်တက်အသင်းမှ ဂိုးရရှိမည့် အခွင့်အရေးများ ရခဲ့သော်လည်း ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့ပေ။ ဒဂုံစတားယူနိုက်တက်အသင်းသည် ပထမပိုင်းပြီးခါနီးတွင် ဂိုးရနိုင်မည့် အခွင့်အရေးများ ရခဲ့သော်လည်း မဟာယူနိုက်တက်အသင်းနည်းတူ ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် ဂိုးမရှိ သရေကျခဲ့သည်။

ဒုတိယပိုင်းပွဲချိန် ၆၈ မိနစ်တွင် မဟာယူနိုက်တက်အသင်းမှ ပင်နယ်တီရခဲ့ပြီး ယင်းပင်နယ်တီကို အာကာကျော်က ကန်သွင်းပေးခဲ့ပြီး မဟာယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးကို ရယူပေးခဲ့သည်။

လက်ကျန်မိနစ်များတွင် ဒဂုံစတားယူနိုက်တက်အသင်းသည် ချေပဂိုးပြန်လည်ရရှိရန် ကြိုးပမ်းခဲ့သော်လည်း မဟာယူနိုက်တက်အသင်းက အကောင်းဆုံးတုံ့ပြန်ခဲ့သည်။ ပွဲအပြီးတွင် မဟာယူနိုက်တက်အသင်းက အာကာကျော်၏ ပင်နယ်တီဂိုးဖြင့် ဒဂုံစတားယူနိုက်တက်ကို အနိုင်ရခဲ့သည်။

ယနေ့ပွဲတွင် နိုင်ပွဲရခဲ့သည့် မဟာယူနိုက်တက်အသင်းသည် ရမှတ် ၂၉ မှတ်ဖြင့် အဆင့် ၅ သို့ ယာယီတက်လှမ်းခဲ့သည်။ ယနေ့ပွဲတွင် ရှုံးနိမ့်ခဲ့သည့် ဒဂုံစတားယူနိုက်တက်အသင်းသည် ရမှတ် ၃၇ မှတ်ဖြင့် အဆင့် ၄ တွင် ဆက်လက်ရပ်တည်ခဲ့သည်။

**(NGB)**

**သင့်သွေးဖြင့် အသက်ကယ်ပါ။**

## (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုပွဲနှင့် ဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်တွင် နေပြည်တော် မြို့တော်ခန်းမရှေ့ ရင်ပြင်၌ ကျင်းပမည်ဖြစ်ရာ အဆိုပါအခမ်းအနား ကျင်းပပုံများကို ယင်းနေ့နံနက် ၆ နာရီ မိနစ် ၄၀ မှစတင်၍ MRTV-HD ၊ MRTV News ၊ MRTV Farmers' ၊ MRTV Sports ၊MRTV Parliament ၊ MRTV NRC နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရုပ်သံလိုင်းများဖြစ်သော 5 Plus ၊ Readers' Channel ၊ Channel 9 ၊ MNTV၊ Skynet Up to Date Channel တို့အပြင် မိတ်ဖက်ရုပ်သံလိုင်းများဖြစ်ကြသော MWD HD ၊ MWD VARIETY HD တို့မှလည်းကောင်း၊ မြန်မာ့အသံရေဒီယိုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် FM များဖြစ်သော ပတ္တမြား၊ ချယ်ရီ၊ ပဉ္စဝတီ၊ မန္တလေး၊ ရွှေ၊ ပုဂံတို့အပြင် မိတ်ဖက် FM ဖြစ်သည့် Star နှင့်သဇင် FM တို့မှလည်းကောင်း၊ MOI Website ၊ MOI Youtube ၊ MRTV Website ၊ MRTV App: Radio App: နှင့် Online Media တို့မှလည်းကောင်း တိုက်ရိုက်(LIVE)ထုတ်လွှင့်ပြသမည် ဖြစ်သည်။

ထို့အပြင် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဖျော်ဖြေပွဲကို ယင်းနေ့ ညနေ ၆ နာရီမှစတင်ပြီး မြန်မာ့ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း MRTV NRC နှင့် MRTV Parliament Channel တို့မှ တိုက်ရိုက်(LIVE)ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ပြီး MRTV HD မှ ည ၈ နာရီသတင်းများအပြီးတွင် ပြန်လည်ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်သည်။ **သတင်းစဉ်**